# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှု ကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 25 February 2025 ၁၁၇၄၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး ယခုအချိန်ကတည်းကပင် အစီအမံများချမှတ်ဆောင်ရွက်နောင်တစ်ချိန်တွင် တိုးမြှင့်ထောက်ပံ့မှုများဆောင်ရွက်နိုင်ရန် ယခုကတည်းကပင် ကြိုတင်ပြင်ဆင် အလုပ်ရှင်များအနေဖြင့် မိမိတို့ဝန်ထမ်းများအား ပုံစံအမျိုးမျိုးဖြင့်ထောက်ပံ့နိုင်ရေး မျှော်မှန်းစဉ်းစား ဆောင်ရွက်ကြရမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အဋ္ဌမအကြိမ်မြောက် အစည်းအဝေးဖြစ်ကြောင်း၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တွင် ဖော်ပြထားပါသည်။

## ယနေ့ ဖတ်စရာ

**အမေရိကန် USAID , NED တို့နှင့်ပတ်သက်၍ ..**
ဆောင်းပါး စာမျက်နှာ » ၆

**တိုင်းပြည်အကျိုးစီးပွားတိုးတက်ဖို့ မှန်ကန်စွာဆောင်ရွက်ကြပါစို့**
ဆောင်းပါး စာမျက်နှာ » ၁၁

**စင်ကာပူရောက် မြန်မာများကို ဦးတည်ရောင်းချမည့် အိမ်ရာအရောင်းပြပွဲ ပြုလုပ်မည်**
စာမျက်နှာ » ၁၀

**တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့် ပတ်သက်သော သတင်းကြေညာချက်**
စာမျက်နှာ » ၁၇

ကြေးမုံ

# နှစ်နိုင်ငံခိုင်မြဲသည့်ချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်

မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လာစေရန်ရည်ရွယ်၍ ပဉ္စမအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေးကို နှစ်နိုင်ငံ ပူးတွဲကော်မရှင်ဥက္ကဋ္ဌများ ဦးဆောင်၍ သီးသန့်အစည်းအဝေး၊ မျက်နှာစုံညီအစည်းအဝေး၊ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်းအခမ်းအနားနှင့် စီးပွားရေးဖိုရမ်တို့ကို အပိုင်းလေးပိုင်းခွဲပြီး ဖေဖော်ဝါရီလ ၂၃ ရက်နေ့က နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကို တာဝန်ယူသည့်အချိန်မှစ၍ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို နယ်ပယ်ကဏ္ဍအသီးသီး၌ ပိုမိုခိုင်မြဲအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းတို့အနက် မြန်မာ-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မိတ်ဖက်ဆက်ဆံရေးသည် အစောပိုင်းကာလမှစ၍ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU) နှင့်ပူးပေါင်း၍ ဥရောပဈေးကွက်သို့ ဝင်ရောက်နိုင်ခဲ့ပြီး ရုရှားနိုင်ငံသည်လည်း အာရှဈေးကွက်သို့ ပိုမိုချဲ့ထွင်နိုင်မည့် အခွင့်အလမ်းများရှိနေသည်။

မြန်မာနိုင်ငံသည် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ရေးနှင့် ခေတ်မီစက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရုရှားရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လျက်ရှိသည်။ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာစေရန်အတွက် တိုက်ရိုက်လေကြောင်းလိုင်းများ ပြေးဆွဲဆောင်ရွက်လျက်ရှိသည်။ ယခုကျင်းပသောအစည်းအဝေးမှ ဆွေးနွေးမှုရလဒ်များနှင့် သဘောတူညီချက်များမှတစ်ဆင့် နှစ်နိုင်ငံအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာအားကောင်းလာပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးတက်ကာ နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းမှုများကို ပိုမိုဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။

ယခင် စတုတ္ထအကြိမ် အဆိုပါကော်မရှင်အစည်းအဝေး ကျင်းပပြီးနောက်ပိုင်းတွင် ရုရှား-မြန်မာ နှစ်နိုင်ငံအကြား သိသာထင်ရှားသော ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့သည်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတွင်သာမက အခြေခံအဆောက်အအုံ စီမံကိန်းများ၊ ဘဏ်လုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများဖြင့် နှစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရုရှားဈေးကွက်များက ကြိုဆိုလျက်ရှိသည်။

လက်ရှိတွင် မြန်မာ-ရုရှား ကုန်သွယ်မှုပမာဏ တိုးမြှင့်ရေးအတွက် စွမ်းအင်ကဏ္ဍ၊ နျူကလီးယားနယ်ပယ်၊ စိုက်ပျိုးရေးနှင့် သတ္တုကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံစလုံးက အလေးထားဆောင်ရွက်လျက်ရှိသည်။ ယခုအစည်းအဝေးတွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ပံ့ပိုးပေးနိုင်မည့်မူဘောင်များ၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ဘူမိဗေဒဆိုင်ရာလေ့လာရှာဖွေမှု၊ ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အဏုမြူစွမ်းအင်အသုံးပြုမှု၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာနှင့် သတင်းမီဒီယာ၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေး၊ စက်မှု၊ ခရီးသွားလုပ်ငန်း၊ ပညာရေး၊ သိပ္ပံနှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ယဉ်ကျေးမှုနှင့် အားကစား၊ အလုပ်သမား၊ ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အာကာသစူးစမ်းရှာဖွေရေးနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စများပါဝင်သော ဆွေးနွေးမှုမှတ်တမ်းများကို အတည်ပြုလဲလှယ်ခဲ့ကြသည်။

ထို့နောက် နှစ်နိုင်ငံသဘောတူစာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးခဲ့ကြပြီး နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံ၊ ဘဏ်လုပ်ငန်း၊ ပညာရေး၊ ဆက်သွယ်ရေး၊ နည်းပညာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စာချုပ်စာတမ်း ကိုးခုကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာစကားဝိုင်း၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာစကားဝိုင်းနှင့် အလုပ်သမားကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စကားဝိုင်းတို့ကိုကျင်းပပြီး နှစ်နိုင်ငံအစိုးရတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များက တက်ကြွစွာဆွေးနွေးခဲ့ကြသည်။

သို့ဖြစ်ရာ ပဉ္စမအကြိမ် မြန်မာ-ရုရှား အစိုးရအချင်းချင်းအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သီးသန့်အစည်းအဝေးများ၊ မျက်နှာစုံညီအစည်းအဝေးများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ နှစ်နိုင်ငံ သဘောတူလက်မှတ်ရေးထိုးပွဲများသည် နှစ်နိုင်ငံအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများ ပိုမိုအားကောင်းခိုင်မာလာပြီး ကုန်သွယ်ရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုများတိုးတက်ဖြစ်ထွန်းကာ နှစ်နိုင်ငံနယ်ပယ်ကဏ္ဍအသီးသီးတွင် ပူးပေါင်းလက်တွဲဆောင်ရွက်မှုများ ပိုမိုဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများထုတ်ချေးခဲ့သည့်အတွက် ချေးငွေသက်တမ်း ၃ နှစ် ပြည့်မြောက်ကျော်လွန်ခဲ့ပြီဖြစ်၍ ကုမ္ပဏီ/ လုပ်ငန်းများအား ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့်အတိုးများအား အမြန်ဆုံးပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန်ကျန်ရှိနေသည့် အတိုး၊ အရင်း လုံးဝမပေးဆပ်သည့် ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် အချိန်မီလာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် ပထမအကြိမ် အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ အတိုး၊ အရင်း လုံးဝမပေးဆပ်သည့် ကုမ္ပဏီ/ လုပ်ငန်း ၄၈၆ ခုအား ကုမ္ပဏီ/ လုပ်ငန်းအမည်၊ လုပ်ငန်းရှင်အမည်၊ နေရပ်လိပ်စာအပြည့်အစုံတို့ဖြင့် သတင်းစာတွင် ကြေညာမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၁၅၁ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၂၄-၂-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၁၆-၂-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၂-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၁၅၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ၂၄ - ၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၅၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ - ၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၄၀၀ | ၁၁၄ | ၈၄၃,၆၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၀၀ | ၅,၈၂၈ | ၁၇,၁၉၅,၁၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၉၁ | ၇၂၈,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၈၅၀ | ၁,၀၂၁ | ၁,၈၈၇,၈၀၀ |
| TMH | ၂,၈၀၀ | ၂,၉၀၀ | ၂၀၇ | ၅၈၀,၃၀၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၅၂၃ | ၈၃၇,၉၅၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၀ | ၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၁၀၀ | ၃၂၅,၀၀၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၀၀၀ | ၁ | ၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

❖ **လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်ဖြစ်သည့် အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား ထောက်ပံ့သည့် လူမှုရေးပင်စင် အစီအစဉ် (Social Pension)နှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် နှစ်နှစ် အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်(Maternal and Child Cash Transfer Program – MCCT)တို့မှ အကျိုးခံစားခွင့်ရှိသူများကို ယခု ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ**

❖ **အသက်နှစ်နှစ်အောက် ကလေးငယ်များ ထောက်ပံ့နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိ၊ အသက် နှစ်နှစ် အောက် ကလေးငယ်အားလုံး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မျှ မကျန်ခဲ့စေရန် တာဝန်ရှိသူများက ဆောင်ရွက်ပေးစေလို**

☆ ရှေ့ဖုံးမှ

ယခုအစည်းအဝေးဆွေးနွေးမှုမှ ရရှိလာမည့် အကြံပြုချက်များနှင့် ဆုံးဖြတ်ချက်များမှတစ်ဆင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်သည့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုနည်းလမ်းများကို အသုံးပြုပြီး လက်ရှိဆောင်ရွက်နေသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းရပ်များကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး ရေးဆွဲပြဋ္ဌာန်းထားသည့် "မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်(၂၀၁၄)" ကို ရေးဆွဲဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် ဆယ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကော်မတီဝင်ဝန်ကြီးများ၊ ဌာနများအနေဖြင့် မဟာဗျူဟာပါလုပ်ငန်းရပ်များနှင့်ချိတ်ဆက်ပြီး (၁၀)နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို စုစည်း၍ အားသာချက်၊ အားနည်းချက်များကို မှတ်တမ်းပြုစုသွားကြရန်လိုကြောင်း၊ သို့မှသာ အစိုးရအဆက်ဆက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများ ထပ်မံဆောင်ရွက်သည့်အခါတွင် ပိုမိုကောင်းမွန်စေပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွင် အပိုင်း(၂)ပိုင်းရှိကြောင်း၊ ပထမအပိုင်းအနေဖြင့် လုပ်ငန်းရှင်နှင့် အလုပ်သမားတို့က အချိုးကျထည့်ဝင်ပြီး နိုင်ငံတော်မှလည်း သင့်တင့်သည့် ထည့်ဝင်မှုများဖြင့် ဆောင်ရွက်သည့် လူမှုရေးအာမခံစနစ် (Social Insurance System)ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာနအောက်ရှိ လူမှုဖူလုံရေးအဖွဲ့တို့ ဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယအပိုင်းအနေဖြင့် နိုင်ငံတော်မှ မတည်ထည့်ဝင်ငွေနှင့် ပုဂ္ဂလိက စေတနာရှင်များကထည့်ဝင်ငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် လူမှုရေးထောက်ပံ့မှုအစီအစဉ်(Social Assistance Scheme) တို့ဖြစ်ကြောင်း၊ ၎င်းအပိုင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း။

❖ **လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ အကျိုးခံစားခွင့် (၉)ရပ်ရှိကြောင်း၊ ယင်းတို့မှာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ နာမကျန်းအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်၊ သက်ကြီးအကျိုးခံစားခွင့်၊ အလုပ်ခွင်ထိခိုက်မှုအကျိုးခံစားခွင့်၊ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်၊ မီးဖွားမှုအကျိုးခံစားခွင့်၊ ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်နှင့် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရသူများ အကျိုးခံစားခွင့် စသည်တို့ဖြစ်**

❖ **ယင်းတို့ကို မိမိတို့၏ ဘဏ္ဍာငွေကြေးသုံးစွဲနိုင်မှုအပေါ်မူတည်၍ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိ**

မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာနှင့်ဆက်စပ်၍ လူမှုကာကွယ်စောင့်ရှောက်ရေး (Social Protection)လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ကောင်းမွန်သည့် ကျင့်ထုံးများကို အဖွဲ့ဝင်နိုင်ငံအချင်းချင်းဖလှယ်နိုင်ရေး ရည်ရွယ်လျက် အပြည်ပြည်ဆိုင်ရာ လူမှုဖူလုံရေးအသင်း (International Social Security Association–ISSA)ကို ၁၉၂၇ ခုနှစ် အောက်တိုဘာ ၄ ရက်မှစ၍ နိုင်ငံပေါင်း ၁၆၃ နိုင်ငံမှ အသင်းအဖွဲ့အစည်းပေါင်း ၃၃၈ ဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအပြင် အာဆီယံလူမှုဖူလုံရေးအသင်း(ASEAN Social Security Association–ASSA)ကိုလည်း လူမှုဖူလုံရေးဆိုင်ရာ ကောင်းမွန်သည့်အတွေ့အကြုံများနှင့် အလေ့အကျင့်များ မျှဝေနိုင်ရန်ရည်ရွယ်၍ သဘောတူညီချက်စာချွန်လွှာ(Memorandum of Agreement)ကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပြီး အာဆီယံ ၁၀ နိုင်ငံမှ လူမှုဖူလုံရေးအဖွဲ့အစည်း ၂၀ ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ အကျိုးခံစားခွင့်(၉)ရပ်ရှိကြောင်း၊ ယင်းတို့မှာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ နာမကျန်းအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်၊ သက်ကြီးအကျိုးခံစားခွင့်၊ အလုပ်ခွင်ထိခိုက်မှုအကျိုးခံစားခွင့်၊ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်၊ မီးဖွားမှုအကျိုးခံစားခွင့်၊ ကျန်ရစ်သူမိသားစု အကျိုးခံစားခွင့်နှင့် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရသူများ အကျိုးခံစားခွင့် စသည်တို့ဖြစ်ကြောင်း၊ ယင်းတို့ကို မိမိတို့၏ ဘဏ္ဍာငွေကြေးသုံးစွဲနိုင်မှုအပေါ်မူတည်၍ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်၍ နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ပြီး လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်ဖြစ်သည့် အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား ထောက်ပံ့သည့် လူမှုရေးပင်စင်အစီအစဉ် (Social Pension)နှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ် (Maternal and Child Cash Transfer Program – MCCT)တို့မှ အကျိုးခံစားခွင့်ရှိသူများကို ယခု ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အသက်နှစ်နှစ်အောက် ကလေးငယ်များ ထောက်ပံ့နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အသက်နှစ်နှစ်အောက် ကလေးငယ်အားလုံး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မျှ မကျန်ခဲ့စေရန် တာဝန်ရှိသူများက ဆောင်ရွက်ပေးစေလိုကြောင်း။

ထို့ပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် "အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်(Public Feedback Programme– PFP)" အသုံးပြု၍ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စိန်ခေါ်မှုများလည်းရှိကြောင်း။

လူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ယခုအချိန်ကတည်းကပင် အစီအမံများ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်မှရရှိသည့် ရန်ပုံငွေဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ နောင်တစ်ချိန်တွင် တိုးမြှင့်ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန်အတွက် ယခုကတည်းကပင် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ အလားတူ အလုပ်ရှင်များအနေဖြင့်လည်း မိမိတို့ ဝန်ထမ်းများအား ပုံစံအမျိုးမျိုးဖြင့် ထောက်ပံ့နိုင်ရေး မျှော်မှန်းစဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများသာမက နောင်တွင် နိုင်ငံတော်၏ ငွေကြေးကဏ္ဍအပေါ်မူတည်၍ ထောက်ပံ့ရေး အစီအစဉ်များကို ဆွေးနွေးပေးကြစေလိုကြောင်း၊ နိုင်ငံတိုင်းတွင် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများရှိကြောင်း၊ တစ်ကမ္ဘာလုံးအနေဖြင့် GDP တွင် လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်ပါဝင်မှု ရာခိုင်နှုန်းသည် ၁၂ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ဝင်ငွေအနည်းဆုံးနိုင်ငံများအနေဖြင့် GDP တွင် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်ပါဝင်မှု ရာခိုင်နှုန်းသည် ၁ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ကြောင်း၊ နိုင်ငံ၏ GDP ပေါ် မူတည်၍ ထောက်ပံ့မှုရာခိုင်နှုန်းများကို တွေ့မြင်နိုင်ကြောင်း၊ နိုင်ငံအလိုက် ထောက်ပံ့မှုများကိုလေ့လာ၍ မိမိတို့နိုင်ငံနှင့် နှိုင်းယှဉ်ဆောင်ရွက်ကြစေလိုကြောင်း။

ထို့ပြင် ၂၀၁၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေအရ သက်ကြီးရွယ်အိုများအတွက် လျှော့ပေါ့သက်သာခွင့် ရရှိနိုင်ရေးအတွက် သက်ကြီးရွယ်အို သက်သေခံကတ်ပြား ထုတ်ပေးနိုင်ရေးနှင့်စပ်လျဉ်းပြီး ပထမအဆင့်အနေဖြင့် သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေများပါ ကင်းလွတ်ခွင့်နှင့် လျှော့ပေါ့သက်သာခွင့်များကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် မိမိတို့လုပ်ဆောင်ပေးနိုင်မည့် ဝန်ဆောင်မှုများအပေါ် ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ပေါ့ သက်သာခွင့်များကို ညှိနှိုင်းခြင်း၊ ဒုတိယအဆင့်အနေဖြင့် ဝန်ဆောင်မှုများအလိုက် ကင်းလွတ်ခွင့်နှင့် ရာခိုင်နှုန်းအလိုက် လျှော့ပေါ့သက်သာခွင့်များကို ကော်မတီအနေဖြင့် အများပြည်သူသိရှိနိုင်ရေး အမိန့်ကြော်ငြာစာထုတ်ပြန်ပေးခြင်း၊ တတိယအဆင့်အနေဖြင့် သက်သေခံကတ်ပြားများ ကိုင်ဆောင်အသုံးပြုရန် အသက်အပိုင်းအခြားအလိုက် သက်ကြီးရွယ်အိုများ စာရင်းကောက်ယူခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်းတို့ကို အဆင့်ဆင့် ဆောင်ရွက်သွားကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်များကိုလည်း အမြဲမပြတ် Update ဖြစ်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများသည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူလူထုကို အမှန်တကယ် တိုက်ရိုက်အကျိုးပြုရန် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများဖြစ်သည့်အတွက် တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်များ၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်အပြည့်အဝရရှိရေး၊ ဆေးကုသနိုင်ရေး ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးများ ကောင်းမွန်လာစေရေးနှင့် ပြည်သူလူထု စိုက်ထုတ်သုံးစွဲသည့် ငွေကြေး လျော့ပါးလာစေရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးကြည်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ပူးပေါင်းလုပ်ဆောင်နေမှုများနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာလုပ်သားများ ရုရှားနိုင်ငံသို့ စေလွှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေး



နေပြည်တော် ဖေဖော်ဝါရီ ၂၄

မြန်မာလုပ်သားများ ရုရှားနိုင်ငံသို့ စေလွှတ်နိုင်ရေးအတွက် နှစ်နိုင်ငံ MoU လက်မှတ်ရေးထိုးနိုင်ရေး၊ အလုပ်ရှင် အလုပ်သမား သဘောတူစာချုပ်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(MOEAA) နှင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများနှင့် ARA Academy ရုရှားဘာသာစကားကျွမ်းကျင်မှု သင်တန်းကျောင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရွှေ့ပြောင်းလုပ်သားများအနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင် ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်မြင့်မားခြင်း၊ ကျင့်ဝတ်သိက္ခာမရှိသည့် လုပ်ငန်းရှင်များထံတွင် အလုပ်လုပ်ကိုင်ရပါက လုပ်ငန်းခွင်ပြဿနာအမျိုးမျိုး ကြုံတွေ့ရခြင်း၊ နေထိုင်မှုဘဝမလုံခြုံခြင်း၊ အဓမ္မ အလုပ်လုပ်ကိုင်ခိုင်းစေမှုများ ကြုံတွေ့ရခြင်း၊ အလုပ်ရှင် အလုပ်သမား ဖိနှိပ်ခွဲခြား ဆက်ဆံမှုများ ကြုံတွေ့ရခြင်း၊ ကျွမ်းကျင်မှု အရည်အချင်းအလိုက် ရရှိရမည့်လုပ်ခလစာကို အသိအမှတ်ပြု မရရှိခြင်း၊ ဥပဒေအရ သတ်မှတ်ရက်အလိုက်ရရှိမည့် လုပ်ခလစာမရရှိခြင်းနှင့် လုပ်အားခ ပြည့်ဝစွာမရရှိခြင်း၊ အလုပ်လုပ်ကိုင်ခွင့်နှင့် နေထိုင်ခွင့်သက်တမ်းတိုး ဆောင်ရွက်ရာတွင် အခက်အခဲများ ရှိခြင်းတို့ကို ကြုံတွေ့နေရကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ပြည်ပနိုင်ငံများသို့ စေလွှတ်မည့် မြန်မာလုပ်သားများအား သက်ဆိုင်ရာ နိုင်ငံများမှ ထုတ်ပြန်ထားသည့် ဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်မှုများရရှိစေရေး၊ စေလွှတ်မည့်နိုင်ငံ၌ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေး၊ သတ်မှတ်အလုပ်ချိန်နှင့် ကျွမ်းကျင်မှုအလိုက် လုပ်ခလစာများ ရရှိရေးအတွက် အလုပ်ရှင် အလုပ်သမား သဘောတူညီချက်စာချုပ် ခိုင်မာစွာချုပ်ဆိုနိုင်ရေး၊ ပြည်ပနိုင်ငံများမှ မိသားစု လွှဲပို့ငွေများ စနစ်တကျလွှဲပို့နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများအနေဖြင့် ပြည်ပနိုင်ငံများသို့ လုပ်သားများ စေလွှတ်ရာတွင် မိမိ၏ သားသမီးများသဖွယ် သဘောထား၍ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်ကို မြော်တွေးစဉ်းစား၍ ဂုဏ်သိက္ခာရှိသော ကုမ္ပဏီများအဖြစ် ရပ်တည်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဧရာဝတီတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ခရိုင်အဆင့်ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟို ဥက္ကဋ္ဌ ဦးဝဏ္ဏသည် ဖေဖော်ဝါရီ ၂၂ ရက်တွင် ပုသိမ်မြို့ နောင်ရိုးဟိုတယ်ခန်းမ၌ကျင်းပသော ဧရာဝတီတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ခရိုင်အဆင့် ခန့်အပ်လွှာပေးအပ်ပွဲသို့ တက်ရောက်ချီးမြှင့်သည်။ အခမ်းအနားသို့ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဗဟိုအထောက်အကူပြု လူမှုရေးရာလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မိုးအောင်၊ ဗဟိုအထောက်အကူပြု အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြသွေး၊ ဧရာဝတီတိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးမောင်မောင်၊ ဗဟိုစည်းရုံးရေးရာကော်မတီအတွင်းရေးမှူး ဦးသန့်ဇင်လှိုင်၊ အတွင်းရေးမှူး ဒေါက်တာဦးတူးတူး၊ ဗဟိုအလုပ်အမှုဆောင်ဒေါက်တာဦးဝင်းနိုင်၊ ဗဟိုအလုပ်အမှုဆောင် ဦးလှဝင်း၊ အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန်း၊ အတွင်းရေးမှူး ဒေါ်ခင်သီတာဇော်၊ တိုင်းဒေသကြီး အလုပ်အမှုဆောင်များ၊ ခရိုင်အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင်ဗဟိုဥက္ကဋ္ဌဦးဝဏ္ဏက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဥက္ကဋ္ဌ ဦးမောင်မောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ခရိုင်အဆင့် ခန့်အပ်လွှာများပေးအပ်သည်။ ဧရာဝတီတိုင်း အထွေထွေအတွင်းရေးမှူး ဦးဆန်းမြင့်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ရုပ်သိမ်းပြီးမြောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အချိန်အခါမဟုတ်မိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ယနေ့ညနေ ၅ နာရီအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ၂၇-၂-၂၀၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။”

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

**ပူနွေးကမ္ဘာ တားဆီးရာ**
**ဖြေရှာတစ်ခု တောပြုစု**

# သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ပုံးအင်းဒေသ လယ်မြေများအတွက် နွေစပါးမျိုးစေ့ပေးအပ်




ဟိုပုံး ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့တွင် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ပုံးအင်းဒေသ လယ်မြေများအတွက် နွေစပါးမျိုးစေ့ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နမ့်ကွတ်ကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယရဲမှူးကြီး သန်းဌေးအောင်၊ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုနိုင်ထွန်း၊ ဟိုပုံးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ ဆီဆိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက နမ့်ကွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော ပုံးအင်းဒေသ၊ ဆီဆိုင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့တွင် မိုးစပါး ၂၉၆၆ ဧကနှင့် နွေစပါး ၁၂၄၅ ဧက၊ စုစုပေါင်း ၄၂၁၁ ဧကပျက်စီးခဲ့မှုအပေါ် (KBZ) ကမ္ဘောဇဖောင်ဒေးရှင်းမှ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူများ၏စိုက်ဧကတစ်ဧကလျှင် မျိုးစေ့ဖိုးငွေကျပ် ၅၀၀၀၀ နှုန်းဖြင့်စုစုပေါင်းငွေကျပ် ၂၁၀၅ ဒသမ ၅ သိန်း ထောက်ပံ့ပေးရာ ပထမအကြိမ်အနေဖြင့် ဟိုပုံး၊ ဆီဆိုင်(၂)မြို့နယ်၏ နွေစပါးပျက်စီးဧရိယာ ၁၂၄၅ ဧကအတွက် မျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ ဒုတိယအကြိမ်အနေဖြင့် ဟိုပုံး၊ ဆီဆိုင်(၂)မြို့နယ်၏ မိုးစပါးပျက်စီးဧရိယာ ၂၉၆၆ ဧကအတွက် မျိုးစပါးထောက်ပံ့ခြင်းကို စိုက်ပျိုးချိန်ရာသီအမီ ဆက်လက်ထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းနောက် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုနိုင်ထွန်းက စိုက်ပျိုးရေးဆိုင်ရာကိစ္စများကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်**

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော လယ်မြေများအတွက် နွေစပါးမျိုးစေ့များကို တောင်သူများအား ပေးအပ်ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး ခြင်းရက်လုပ်နည်းသင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနက ကြီးမှူးဆောင်ရွက်သည့် “ခြင်းရက်လုပ်နည်း သင်တန်းအမှတ်စဉ်(၁/၂၀၂၅)” ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး တက်ရောက်အားပေးသည်။



အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းမှ သင်ကြားပို့ချပေးသည့် နည်းပညာများကို ကြိုးစားသင်ယူ၍ ကိုယ်ပိုင်အသေးစားလုပ်ငန်းများ ထူထောင်ပြီး တစ်ပိုင်တစ်နိုင်လုပ်ငန်းမှသည် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်ကို အထောက်အကူပြုနိုင်သည့် စီးပွားဖြစ်လုပ်ငန်းများဆီသို့ တက်လှမ်းနိုင်ရေးအတွက် မိမိကျရာ အခန်းကဏ္ဍမှ အားကြိုးမာန်တက် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ သင်တန်းတက်ရောက်သူများအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဒေသခံတိုင်းရင်းသားများသို့ ထပ်ဆင့်သင်ကြားပြသပေးနိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍သင်တန်းနည်းပြနှင့် သင်တန်းသားသင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားကြပြီး ဒုတိယဝန်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် သင်တန်းတွင်အသုံးပြုမည့်အထောက်အကူပစ္စည်းများနှင့် လက်တွေ့သင်ကြားဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ သင်တန်းကို ယနေ့မှစ၍ ၁၀ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀ တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သမဝါယမအသင်းများက ဆီထွက်သီးနှံ နေကြာပန်းတိုင်အထွက်တိုးရေး ဆောင်ရွက်

ပြည် ဖေဖော်ဝါရီ ၂၄

ပြည်တွင်းစားရေရိက္ခာဖူလုံရေးနှင့် ဆီစားသုံးမှုဖူလုံစေရေးတို့အတွက် သမဝါယမကဏ္ဍက ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိသမဝါယမအသင်းများက ရေဆင်းစပ်မျိုး-၁ နေကြာစိုက်ဧက ၂၀၀ စိုက်ပျိုးထားသည်။ ပြည်မြို့နယ် သမဝါယမအသင်းစုက စံပြစိုက်ကွက်အနေဖြင့် ပေါင်းတလည် မြောင်းဆုံအုပ်စု မြောင်းဆုံကျေးရွာတွင် ရေဆင်းစပ်မျိုး-၁ နေကြာစိုက်ဧက ၁၀ ဧကကို သီးသန့်စိုက်ပျိုးထားကြောင်း သိရသည်။

### ဆောင်ရွက်ပေးလျက်ရှိ

ပြည်မြို့နယ် သမဝါယမဦးစီးဌာနအနေဖြင့် အသင်းသားတောင်သူများ နေကြာသီးနှံစိုက်ပျိုးရာတွင် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ နည်းစနစ်တကျမြေပြုပြင်ရေး၊ ရေရရှိရေး၊ သွင်းအားစုများ ဖြည့်သွင်းရေး၊ နည်းပညာအကူအညီများပေးရေး၊ နေကြာများဝတ်မှုန်ကူးချိန်တွင် အစေ့အဆန် အောင်မြင်စေရေးအတွက် ပျားလုပ်ငန်းဦးစီးဌာနနှင့် ချိတ်ဆက်၍ ပျားပုံးများချခြင်း၊ ရွက်ဖျန်းမြေဩဇာများကို အချိန်မီ အသုံးချနိုင်ရေးတို့ကို အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိသည်။

အထွက်နှုန်းအနေဖြင့် ယခင်ဒေသမျိုးထက် ယခုစိုက်ပျိုးထားသော ရေဆင်းစပ်မျိုး-၁ နေကြာသည် တစ်ဧကလျှင် ၃၅ တင်းမှ ၄၅ တင်းအထိ ထွက်ရှိနိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါနေကြာများကို ဆီထုတ်လုပ်နိုင်ရေးအတွက် ပုဂ္ဂလိကပိုင်ဆီစက်များနှင့် သမဝါယမပိုင် ဆီစက်များတွင် ကြိတ်ခွဲ၍ ကာလပေါက်ဈေးဖြင့် ရောင်းချနိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေး နည်းပညာပြပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဟင်းသီးဟင်းရွက် သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (VFRDC) ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဟင်းသီးဟင်းရွက်မျိုးစေ့ထုတ် သုတေသနစိုက်ခင်းများ၊ စင်တင်သီးနှံများ၊ Greenhouse စနစ်ဖြင့် ဆောင်ရွက်နေသည့် ဟင်းသီးဟင်းရွက် သုတေသနများ၊ ဖရုံ၊ သခွားနှင့် သခွားမွှေး မျိုးစေ့ထုတ်လုပ်ခြင်း၊ အာဟာရရည်ဖြင့် စိုက်ပျိုးခြင်း၊ အော်ဂဲနစ်စိုက်ခင်းများ၊ သဘာဝဓာတ်မြေဩဇာ အပါအဝင် သွင်းအားစုများ ထုတ်လုပ်ခြင်းနှင့် မျိုးစေ့သိုလှောင် အအေးခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပဲခူးမြို့ (၁၀ မိုင်)၌ ကျွဲ၊ နွားများ ပြည်ပသို့ တင်ပို့ရာတွင် တိရစ္ဆာန်ကူးစက်ရောဂါများ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် တိရစ္ဆာန် စောင့်ကြည့်စစ်ဆေးရေးစခန်း Animal Quarantine Station (AQS) တည်ဆောက်ရန် လျာထားနေရာကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက စခန်းအတွင်း အသုံးပြုမည့်မွေးမြူရေး တိရစ္ဆာန်သောက်သုံးရေနှင့် စိုက်ပျိုးရေသုံးစွဲမည့်ပမာဏကို ကြိုတင်တွက်ချက်၍ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်း တိုင်းတာရေးလုပ်ငန်းများကို ကဏ္ဍပေါင်းစုံမှကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်း၍ အသေးစိတ် ကြိုတင်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဒိုက်ဦးမြို့နယ်ရှိ ဘောနီရေပေးမြောင်းမကြီးမှ နွေစပါးစိုက်ပျိုးရေပေးဝေနေမှုနှင့် နွေစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့်တွေ့ဆုံကာ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ ဘောနီရေလှောင်တမံမှ ယခုနှစ်နွေစပါး ဧက ၅၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာ

# အမေရိကန် USAID , NED တို့နှင့်ပတ်သက်၍ ..

ဒီမိုကရေစီအရေးကြွေးကြော်၊ လူ့အခွင့်အရေးရှေ့တန်းတင်၊ လစ်ဘရယ်လမ်းကြောင်း ထာဝရလျှောက်လှမ်းနိုင်ရေး ရေသောက်မြစ်များဖြစ်တဲ့ USAID နဲ့ NED..၊ ထိုအေဂျင်စီနဲ့ ဖောင်ဒေးရှင်းနှစ်ခုကို ဒီမိုကရေစီနဲ့ လစ်ဘရယ်အရေး ဦးဆောင်ခဲ့တဲ့ အမေရိကန်နိုင်ငံက ယနေ့ ဒီမိုကရေစီ ဘက်တော်သားများဖြစ်တဲ့ သမ္မတဒေါ်နယ်ထရမ့်နဲ့ အစိုးရအဖွဲ့ဝင် အီလွန်မတ်စ်တို့ ကိုယ်တိုင် USAID နဲ့ NED တို့ရဲ့ဆောင်ရွက်ချက်နဲ့ အဂတိဖြစ်မှုတွေအပေါ် ပိတ်ဆို့ဟန့်တား စိစစ်ခြင်းတွေကို ဘာကြောင့်များ ပြင်းပြင်းထန်ထန် ဆောင်ရွက်နေကြပါသလဲ။

အမှန်တကယ် ထိုကမ္ဘာလုံးဆိုင်ရာ USAID နဲ့ NED တို့ဟာ ဒီမိုကရေစီစံနှုန်းတွေ၊ လူ့အခွင့်အရေးတန်ဖိုးတွေ၊ လစ်ဘရယ်တန်ဖိုးတွေနဲ့ မကိုက်ညီပါကြောင်း အကြောင်းအချက်များစွာကို ယနေ့ အမေရိကန်ခေါင်းဆောင်တွေနဲ့ အမေရိကန်နိုင်ငံသားတွေ ကိုယ်တိုင်က သိမြင်နားလည် လက်ခံသွားကြလို့ပဲလား။ ဖြစ်ပေါ်လာသော အတွေးသစ်အမြင်သစ်များနဲ့အတူ...။

**စေတနာမမှန် အကြောင်းမကောင်းခြင်းကနေ သင်ခန်းစာယူနိုင်ရန်**

မှန်ကန်တဲ့ အပြောင်းအလဲတစ်ခုဆိုတာ လူနည်းစု သိနေရုံနဲ့မပြီး၊ လူအများစုက လက်ခံလာဖို့လည်း လိုပါတယ်။ အမေရိကန်တို့သာ သိနေရုံမဟုတ်၊ EU လို နိုင်ငံတွေ အချို့အချို့သော လူတွေ နားလည်လက်ခံလာဖို့လည်း လိုပါသေးတယ်။

မဟုတ်ရင် ယူကရိန်းလို၊ အီရတ်၊ လစ်ဗျားနိုင်ငံတွေမှာ ဖြစ်ပျက်ခဲ့သလို အကြောင်းကြောင့် အကျိုးဖြစ်ရတဲ့ အကြောင်းအကျိုးဆက် ဆိုးကျိုးသဘောတွေ များစွာရှိလာနိုင်ပါတယ်။ သင်ခန်းစာယူစရာတစ်ခုက.. ဘယ်လောက်ပဲကောင်းတဲ့ရည်ရွယ်ချက်တွေ၊ မျှော်မှန်းချက်တွေ ချမှတ်ထားသည်ဖြစ်စေ လက်တွေ့လုပ်ဆောင်သူတွေမှာ အတ္တနဲ့ ကိုယ်ကျိုးစီးပွား အလွန်အမင်းရှေးရှုမိတဲ့အခါ မကောင်းစေတနာအရင်းခံ အဖျက်လုပ်ရပ်တွေနဲ့ အကျိုးဆက်မကောင်းခြင်းများ ဖြစ်ပေါ်လာရကြောင်း လက်ခံနိုင်ဖို့ဖြစ်ပါတယ်။ ပညာဉာဏ်အမြော်အမြင်နည်းပြီး လုပ်နည်းလုပ်ဟန်မမှန်တဲ့ အကြောင်းတရားတွေရဲ့ အကျိုးဆက်က အဆုံးသတ်မကောင်း၊ ဇာတ်သိမ်းမလှဖြစ်ရတယ်ဆိုတဲ့ သဘောတရားအတိုင်းပါပဲ။

ဆက်ရရင်.. အမေရိကန်နိုင်ငံရေးဟာ ကမ္ဘာအနှံ့ရောင်စုံတော်လှန်ရေးတို့ရဲ့ မြစ်ဖျားခံရာ ဖြစ်ခဲ့တာကြာပါပြီ။ မိမိတို့အလိုကျ မတရားပုံသွင်းယူ အားလုံးအပေါ် ပြိုင်ဘက်ကင်းဖြစ်ခဲ့တာ ရာစုနှစ်တစ်ခုမကတော့ဘူး ထင်ပါတယ်။ မူဝါဒရေးရာမှာ ငါသာ Unipolar တစ်ကိုယ်တော် ထင်တိုင်းကြဲ ကမ္ဘာ့စူပါပါဝါအဆင့်ကနေ တဖြည်းဖြည်းလျော့ကျလာပြီး နိုင်ငံတကာ Multipolar အရွေ့မှာ နိုင်ငံရေး၊ စီးပွားရေး အစစအရာရာဆုတ်ယုတ်လာတဲ့ အမေရိကန်နိုင်ငံကြီးကို ပြန်လည်ဆွဲတင်နေတဲ့ ဒေါ်နယ်ထရမ့်နဲ့ အီလွန်မတ်စ်တို့ဟာ ယခု အချိန်မှာတော့ အမေရိကန်တို့အတွက် သူရဲကောင်းများဖြစ်နေကြပါပြီ။ ဒီမှာတင် ရီပတ်ဘလစ်ကင်ပြိုင်ဘက် ဒီမိုကရက်တို့ ကျဆုံးသွားခဲ့ရပြီး အမေရိကန်ပထမဆိုတဲ့ အမျိုးသားရေးဆန်ဆန် MAGA တို့က ရှေ့တန်းရောက်လာခဲ့ခြင်း ဖြစ်ပါတယ်။

**ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် မဟုတ်ခဲ့ပါ**

အမျိုးသားရေးဆန်တဲ့ လက်ရှိခေါင်းဆောင်တွေရဲ့ အမေရိကန်အကျိုးစီးပွား ဦးစားပေး မူဝါဒတွေဟာ ခေါင်းဆောင်အစဉ်အဆက် ကိုင်စွဲလာခဲ့တဲ့ ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တွေနဲ့တော့ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်လာဖွယ်ရာရှိနေပါတယ်။ ကိုယ်မလိုလားတဲ့ အစိုးရတွေကို ဖြုတ်ချဖို့ ယခင်ကလို မစဉ်းစားနိုင်တော့ဘဲ ပြည်တွင်းရေးမှာ ဦးစားပေး ပြုပြင်ရမယ့် ပြောင်းလဲမှုများဘက် ဦးတည်နေခြင်းက အမေရိကန်နဲ့တကွ ကမ္ဘာ့ဖွံ့ဖြိုးမှုနဲ့ ငြိမ်းချမ်းရေးအတွက် မှန်ကန်တယ်လို့ ယူဆပါတယ်။

အရင်က ဒီမိုကရေစီ တန်ဖိုးစစ်စစ်နဲ့ လူ့အခွင့်တန်ဖိုး အမှန်အကန်တွေကို USAID နဲ့ NED တို့ကို အသုံးပြုပြီး ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အသုံးချနေတယ်လို့ ယူဆခဲ့ကြတယ်။ သို့ပေမယ့် အမေရိကန် ခေါင်းဆောင်အဆက်ဆက်ဟာ ဆန့်ကျင်ဘက်နိုင်ငံတွေအပေါ်မှာ မိမိအလိုကျ ပုံစံသွင်းဖို့၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးနည်းလမ်းပေါင်းစုံနဲ့ ဖိအားပေးဖို့သာ အလားတူ ဖောင်ဒေးရှင်းတွေ၊ အေဂျင်စီတွေကို အသုံးချခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း ဒီမိုကရေစီစံတန်ဖိုးတွေ၊ လူ့အခွင့်အရေးစံနှုန်းတွေ၊ သက်ဆိုင်ရာနိုင်ငံတန်ဖိုးတွေနဲ့ ကိုက်ညီဖို့ မလိုပါဘူး။ အဓိကအရေးကြီးတာက မိမိအလိုကျ Global Agenda အတိုင်း ကမ္ဘာကြီးတစ်ခုလုံးက လိုက်ပါဆောင်ရွက်ကြဖို့ပါပဲ။ မိမိတို့အစီအစဉ်အတိုင်း မဆောင်ရွက်နိုင်တဲ့ အစိုးရများဟာ ပြုတ်ကျအောင် ဖြုတ်ချခံခဲ့ရပါတယ်။




> **“အရင်က ဒီမိုကရေစီ တန်ဖိုးစစ်စစ်နဲ့ လူ့အခွင့်တန်ဖိုး အမှန်အကန်တွေကို USAID နဲ့ NED တို့ကို အသုံးပြုပြီး ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အသုံးချနေတယ်လို့ ယူဆခဲ့ကြတယ်။ သို့ပေမယ့် အမေရိကန် ခေါင်းဆောင်အဆက်ဆက်ဟာ ဆန့်ကျင်ဘက်နိုင်ငံတွေအပေါ်မှာ မိမိအလိုကျပုံစံသွင်းဖို့၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး နည်းလမ်းပေါင်းစုံနဲ့ ဖိအားပေးဖို့သာ အလားတူ ဖောင်ဒေးရှင်းတွေ၊ အေဂျင်စီတွေကို အသုံးချခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း ဒီမိုကရေစီစံတန်ဖိုးတွေ၊ လူ့အခွင့်အရေးစံနှုန်းတွေ၊ သက်ဆိုင်ရာနိုင်ငံတန်ဖိုးတွေနဲ့ ကိုက်ညီဖို့မလိုပါဘူး။ အဓိကအရေးကြီးတာက မိမိအလိုကျ Global Agenda အတိုင်း ကမ္ဘာကြီးတစ်ခုလုံးက လိုက်ပါဆောင်ရွက်ကြဖို့ပါပဲ။ မိမိတို့အစီအစဉ်အတိုင်း မဆောင်ရွက်နိုင်တဲ့ အစိုးရများဟာ ပြုတ်ကျအောင် ဖြုတ်ချခံခဲ့ရ”**

**မူလလစ်ဘရယ်စံနှုန်းများနဲ့ရော ကိုက်ညီပါရဲ့လား**

Agenda ဆိုရာမှာ အနာဂတ်ကာလတစ်ချိန်ချိန်မှာ အဆမတန်အင်အားကြီးထွား တိုးတက်လာမယ့် တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံတို့ကို ကြိုတင်ဟန့်တားပိတ်ဆို့ထားပြီး ထိုနှစ်နိုင်ငံနဲ့ ပလဲနံပသင့်နိုင်ငံတွေ ပြိုကျပျက်သုဉ်းသွားရန် အစီအစဉ်ဖြစ်ပါတယ်။ ဒီ Agenda အစီအစဉ်ကြောင့်ပဲ ယနေ့ကမ္ဘာမှာ စိတ်မချမ်းသာဖွယ် အဖြစ်အပျက်များစွာမြင်တွေ့နေရခြင်းဖြစ်ပါတယ်။ လက်ရှိရော အတိတ်က မြန်မာနိုင်ငံနဲ့ ယူကရိန်းဖြစ်စဉ်ဖြစ်ရပ်များကိုကြည့်ရင် တရုတ်နိုင်ငံကို ဝိုင်းပတ်ပိတ်ဆို့ကန့်သတ်ရေး China containment မှသည် China confinement နဲ့ Russia containment အထိ သွားနေတဲ့ အမေရိကန်နဲ့ အနောက်အုပ်စုအစီအစဉ်များရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ဆက်စပ်မြင်တွေ့ရမှာဖြစ်ပါတယ်။

ဒီလိုပဲ အမေရိကန်နဲ့အနောက်အုပ်စုတို့မှာ အလားတူအစီအစဉ်များစွာ ရှိခဲ့ပါတယ်။ ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့နဲ့အတူ လစ်ဘရယ်အယူဝါဒတစ်ခုကို မတူကွဲပြားခြားနားမှုရှိကြတဲ့ လူ့အဖွဲ့အစည်းများအတွင်း အတင်းအဓမ္မသွတ်သွင်းနေခြင်းပါပဲ။ ကမ္ဘာကြီးမှာ မတူညီတဲ့ယဉ်ကျေးမှု၊ ကွဲပြားတဲ့ဘာသာတရား၊ ခြားနားတဲ့ နောက်ခံသမိုင်းအသီးသီးရှိကြပါလိမ့်မယ်။ ဒါကို ကမ္ဘာကြီးတစ်ခုလုံးမှာ လွတ်လွတ်လပ်လပ် လူတစ်ဦးချင်းစီတိုင်း ကိုယ်ကြိုက်တဲ့ ဘာသာအယူဝါဒကို ကိုးကွယ်နိုင်တယ်၊ ကိုယ်ယုံကြည်ရာ ကိုယ်လုပ်နိုင်တယ်ဆိုတဲ့ မူလလစ်ဘရယ်ဆိုင်ရာ တန်းတူညီမျှတရားမျှတမှု စံနှုန်းတချို့က အချို့သောသူတွေအတွက်တော့ နမူနာယူစရာဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မယ်။

ဒါပေမဲ့ မိမိတို့ကျင့်သုံးနေတဲ့ နိုင်ငံရေး စီးပွားရေး လူမှုရေး ယဉ်ကျေးမှုစနစ်များ၊ တန်ဖိုးများ၊ စံနှုန်းများအပေါ်မှာ လိုက်လျောညီထွေဖြစ်အောင် ကောင်းသည်ထက် ကောင်းအောင် မပြုပြင်နိုင်ခဲ့ကြပါဘူး။ ဒီအချက်ကို အခြေခံပြီး အမေရိကန်နဲ့ အနောက်အုပ်စုတို့က ကမ္ဘာကြီးကို လွှမ်းမိုးပြီးမှ ဖြစ်နိုင်ရင်

## မြင့်မြတ်

ရွာကြီးတစ်ရွာတည်းအဖြစ် မြင်လိုနေခြင်း ဖြစ်ဟန်တူပါတယ်။ လိုချင်တာကို မရမကပုံဖော်မယ်၊ အကျိုးဆက်အနေနဲ့ ရောင်စုံတော်လှန်ရေးနဲ့ အကြမ်းဖက်မှုတွေ၊ အာခံအန်တုမှုနဲ့ အရှိအသေတန်မဲ့ ရိုင်းစိုင်းမှုတွေ၊ ဘာသာတရားစော်ကားမှုနဲ့ ခွဲခြားမှုတွေ၊ ကျင့်ဝတ်ဖောက်ဖျက်မှုတွေ၊ Sex education နဲ့ ရုပ်ရှင်ဗီဒီယိုနဲ့ မီဒီယာကနေ ပျံ့နှံ့လာတဲ့ လိင်တူလိင်ကွဲ LGBT Lesbianနဲ့ sex change operation ကိစ္စတွေ စတဲ့ သဘာဝလွန်ဆန့်ကျင်ဘက်သက်ရောက်မှုများစွာကို ယနေ့ခေတ်မှာ မြင်တွေ့ ကြားသိလာကြရပါတယ်။

**ကျောထောက်နောက်ခံနဲ့ အသွင်ယူပုံ**

ဒီလိုသက်ရောက်မှုတွေနဲ့ ကိုယ်လိုချင်တဲ့ ရည်မှန်းချက်များဖြစ်လာဖို့ မီဒီယာလွတ်လပ်ခွင့် ခေါင်းစဉ်အောက်မှာ မီဒီယာကို ကောင်းကောင်းအသုံးချခဲ့ကြတယ်၊ CIA လို ထောက်လှမ်းရေးအဖွဲ့အစည်းများရဲ့ ကျောထောက်နောက်ခံနဲ့ INGO, NGO တွေက အေဂျင်စီ ဖောင်ဒေးရှင်းများအဖြစ် အသွင်အမျိုးမျိုးယူခဲ့ကြတယ်။ လူသားချင်းကူညီထောက်ပံ့မှု ခေါင်းစဉ်အောက်မှာ စစ်ဘေးရှောင်၊ သဘာဝဘေး၊ ကျန်းမာရေး၊ ပညာရေးအကြောင်းပြ ထောက်ပံ့မှုမျိုးစုံနဲ့ အမျိုးမျိုးကူညီပြကြပါလိမ့်မယ်။ ဒါပေမဲ့ ထိုကူညီမှုမျိုးစုံက တစ်နိုင်ငံလုံးမှာ လွှမ်းခြုံမှုမရှိဘဲ နယ်စပ်ဒေသက ရောင်စုံလက်နက်ကိုင်မျိုးစုံ ထိန်းချုပ်ရာဒေသခံတွေနဲ့ လက်နက်ကိုင်တွေအတွက်ပဲဖြစ်နေတာ တွေ့ရတယ်။ သက်ဆိုင်ရာနိုင်ငံရွေးကောက်ပွဲတွေမှာ ဝင်ရောက်စွက်ဖက်မယ်၊ ကိုယ်လိုချင်တဲ့သူ အနိုင်ရအောင်လုပ်၊ ကိုယ့်လူတည်မြဲဖို့အတွက်သာဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အရေးအရာတွေမှာ လွှမ်းမိုးမှုယူ၊ ချုပ်ကိုင်ချယ်လှယ်မှု အမျိုးမျိုးကို တွေ့ကြရမှာဖြစ်ပါတယ်။

ဒီလို ချယ်လှယ်ချုပ်ကိုင်မှုအမျိုးမျိုးအတွက် US နဲ့ အနောက်အုပ်စုရဲ့ လက်တံခြေတံများစွာအနက်က USAID နဲ့ NED တို့ကို မျက်နှာဖုံးလှလှစွပ်ထားတဲ့ INGO အဖွဲ့များအဖြစ် မြင်တွေ့နိုင်ပါတယ်။ ဒီနေရာမှာ အမေရိကန် CIA သည် USAID နဲ့ NED တို့ရဲ့ ရှေ့တန်းစခန်းတစ်ခုအဖြစ် လျှို့ဝှက်လှုပ်ရှားပါတယ်။

အမေရိကန် အခွန်ထမ်းပြည်သူတွေရဲ့ ဒေါ်လာဘီလီယံချီငွေများစွာဟာ CIA က တစ်ဆင့် ထိုအဖွဲ့နှစ်ဖွဲ့ဆီ စီးဝင်စေပြီးမှ အစိုးရဆန့်ကျင်သူတွေဆီကို ပြည်တွင်း NGO တွေကတစ်ဆင့် လျှို့ဝှက်ရောက်ရှိသွားခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ USAID နဲ့ NED တို့ကို ပရိယာယ်ဝေဝုစ်၊ အလိမ်အညာ၊ အဂတိတွေနဲ့ ပွစာတက်နေတဲ့ အဖွဲ့တွေအဖြစ် အီလွန်မတ်စ် ကိုယ်တိုင်ရဲ့ ဖော်ပြထားချက်များကို မှတ်သားမိပါတယ်။ **စာမျက်နှာ ၇ သို့** ☆

# နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၃၁) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၄

နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေး အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအဖွဲ့များက တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းအား အလေးပြုခြင်း၊ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုခြင်းတို့ကို အစီအစဉ်အတိုင်း ပြုလုပ်သည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်တွင် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှု တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး... 

(ခ)အဆင့်တွင် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှု တတိယဆုရရှိသည့် တြိဂံဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်း အသင်းခေါင်းဆောင်၊ ဒုတိယဆုရရှိသည့် နေပြည်တော်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းခေါင်းဆောင်နှင့် ပထမဆုရရှိသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း ခေါင်းဆောင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ (က)အဆင့်တွင် စစ်တီးဝိုင်းခေါင်းဆောင် ကျွမ်းကျင်မှု အကောင်းဆုံးဆုရရှိသည့် စစ်တက္ကသိုလ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း ခေါင်းဆောင်၊ (ခ) အဆင့် အသင်းလိုက်အထူးဆု တြိဂံဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းနှင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ တတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ ပထမဆုရရှိသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ (က)အဆင့် အသင်းလိုက် အထူးဆုရရှိသည့် စစ်တက္ကသိုလ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်တီးဝိုင်း အသင်း၊ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု ရဲတီးဝိုင်းအသင်း၊ ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ကိုယ်စားပြု စစ်တီးဝိုင်း အသင်းတို့ကို ဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါ တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှစတင်၍ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းပေါင်း ၂၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဖျာပုံမြို့နယ် စာစစ်ဌာနကျောင်းများ၌ မီးဘေးလုံခြုံရေး စစ်ဆေး

ဖျာပုံ ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ပေါ်ရှိ အမှတ်(၁)(၂)(၃)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတို့အား မီးဘေးလုံခြုံရေးအတွက် ဖျာပုံခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းဦး ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့မရဲစခန်းမှူး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် လိုအပ်သည်များ စစ်ဆေးသည်။

စစ်ဆေးရာတွင် စာသင်ကျောင်းများ၌ မီးသတ်ဆေးဘူးထားရှိမှု၊ လျှပ်စစ်သွယ်တန်းသုံးစွဲမှု၊ မီးသုံးစွဲမှု၊ မီးဘေးတားဆီးကာကွယ်ရေး ပစ္စည်းများ ထားသိုသုံးစွဲမှုအခြေအနေများကို စစ်ဆေးကာ လိုအပ်သည်များ လိုက်နာဆောင်ရွက်ကြရန်အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**



☆ စာမျက်နှာ ၆ မှ

ဆန့်ကျင်ဘက်နိုင်ငံတွေ အပေါ် မြေပေါ်မြေအောက်နည်းလမ်းစုံနဲ့ ချဉ်းကပ်ရာမှာ အင်မတန်လက်သံပြောင်တဲ့အဖွဲ့တွေ ဖြစ်ပါတယ်။ မီဒီယာကို ငွေကြေးပံ့အောပြီးသူတို့ရည်မှန်းချက်ကိုပြီးမြောက်အောင်မြင်အောင် လုပ်နိုင်ခဲ့တဲ့ သင်ခန်းစာမျိုးကတော့ အတုယူစရာ ဖြစ်ပါတယ်။ အမေရိကန်နဲ့ အနောက်အုပ်စုအလိုကျမဖြစ်တဲ့ နိုင်ငံတွေကို မတည်မငြိမ်ဖြစ်စေဖို့၊ လူတွေရဲ့ အတွေးအခေါ်တွေ ပြောင်းလဲသွားဖို့ ကျောင်းသား၊ ဝန်ထမ်း၊ ရဟန်း စတဲ့ လူ့အဖွဲ့အစည်းတွေအတွင်း စိမ့်ဝင်ပြီး အစိတ်စိတ် အမြွှာမြွှာဖြစ်အောင် ဖြိုခွဲရာမှာ ထိရောက်ထက်မြက်တဲ့ လက်နက်ကိရိယာများ ဖြစ်ခဲ့ပါတယ်။

ဘယ်လောက်ပဲ လူထုထောက်ခံတဲ့ အစိုးရတစ်ခု ဒီမိုကရေစီအစိုးရတစ်ရပ် ဖြစ်နေပါစေ၊ ဘယ်လောက်ပဲ စီးပွားရေးဖွံ့ဖြိုးနေပါစေ၊ ဘယ်လိုပဲ တည်ငြိမ်တဲ့ နိုင်ငံ ဖြစ်နေပါစေ ဒေါ်လာလွှမ်းမိုးမှုပါတဲ့ လမ်းပေါ်ထွက် ဆူပူအုံကြွဆန္ဒပြမှုဒဏ်ကို နိုင်ငံအစိုးရတွေ၊ ပြည်သူတွေဟာ မခံနိုင်ကြပါဘူး။ အာဏာရှင်နဲ့အဂတိခေါင်းစဉ်တပ် နည်းလမ်းပေါင်းစုံနဲ့ အပုပ်ချမှုများအောက်က လှုံ့ဆော်မှုမှန်သမျှဟာ ပြည်သူလူထုကိုဖြားယောင်းသွေးဆောင်ရာမှာ အလွန်လွယ်ကူပါတယ်။ နိုင်ငံတကာ၊ အထူးသဖြင့် အနောက်အုပ်စုရဲ့ နိုင်ငံရေးဖွံ့ဖြိုးရေး၊ ပွင့်လင်းမြင်သာမှု စတဲ့ ခေါင်းစဉ်အမျိုးမျိုးအောက်က ဘာဖိုရမ်၊ ညာဖိုရမ်၊ ဘယ်လိုလူ့အဖွဲ့အစည်းဆိုတာတွေဟာ အလွန်အန္တရာယ်များတဲ့အတွက် ထိုအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ဆက်ဆံရာမှာ များစွာသတိထားရမှာဖြစ်ကြောင်း ဖော်ပြလိုတယ်။

**ပရိယာယ်ဝေဝုစ်များဖြင့် NED**

ဒီနေရာမှာ USAID နဲ့ NED နှစ်ခုအနက် National Endowment for Democracy (NED) ဆိုတဲ့ အကျိုးအမြတ်မယူတဲ့ ဒီမိုကရေစီအထောက်အပံ့ဖောင်ဒေးရှင်းတစ်ခုအကြောင်း ဦးစွာ တင်ပြလိုပါတယ်။ သမ္မတရော်နယ်ရေဂင်လက်ထက် ၁၉၈၃ ခုနှစ်က စတင်သန္ဓေတည်လာခဲ့တဲ့ NED ဟာ NDI National Democratic Institute နဲ့ IRI International Republican Institute ဆိုပြီး ဒီမိုကရက်နဲ့ ရီပတ်ဘလစ်ကင် အထိုင်နှစ်ဖွဲ့ ခွဲခြားလှုပ်ရှားပါတယ်။

မူလရည်ရွယ်ချက်က ဒီမိုကရေစီအရေး၊ မီဒီယာလွတ်လပ်မှုနဲ့လွတ်လပ်စွာကုန်သွယ်ရေးဖြစ်ပြီး ဆိုဗီယက်နဲ့ အရှေ့ဥရောပကို ဖြိုခွဲဖို့ အဓိကဖြစ်ခဲ့တယ်။ ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးနောက်မှာ NED ရဲ့ မူလအစီအစဉ်တွေ ဘေးရောက်သွားရပြီး အမေရိကန် ဒီမိုကရေစီစနစ် ကမ္ဘာအနှံ့ခြေဆန့်နိုင်ရေး CIA ရဲ့ လက်ရုံးတစ်ခုဖြစ်လာခဲ့တယ်။ NED ကြောင့် ပိုလန်အစိုးရ ပြိုကွဲခဲ့ရဖူးတယ်၊ ယူဂိုဆလားဗီးယားနိုင်ငံ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားခဲ့ရတယ်။ ယနေ့ရုရှား-ယူကရိန်းပဋိပက္ခဟာဆိုရင်လည်း ၂၀၀၄ ခုနှစ်ကတည်းက ရုရှားယိမ်းတဲ့ ယူကရိန်းအစိုးရကို အနောက်အုပ်စုထောက်ခံတဲ့ပါတီတွေက ဖြုတ်ချခဲ့ခြင်းရဲ့ အကျိုးဆက်ပါပဲ။

၂၀၀၃ ဂျော်ဂျီယာ နှင်းဆီတော်လှန်ရေးနဲ့ ၂၀၀၄ ယူကရိန်း လိမ္မော်ရောင်အုံကြွမှုတွေမှာ NED ရဲ့ များပြားတဲ့ ငွေကြေးအကူအညီတွေက အဓိကကျခဲ့ကြောင်း တွေ့ရှိချက်တွေ ရှိပါတယ်။ အမေရိကန်ရဲ့ NED လုပ်ရပ်တွေဟာ ဥရောပတင်လား၊ မဟုတ်ပါဘူး။ ကမ္ဘာအနှံ့ ခြေဆန့်နိုင်ခဲ့ကြပါတယ်။ ၂၀၁၁ ခုနှစ် အီဂျစ်သမ္မတ မူဘာရက်ပြုတ်ကျခဲ့မှုနဲ့အတူ ယီမင်၊ လစ်ဗျား၊ အယ်လ်ဂျီးရီးယားနိုင်ငံတွေဆီက အာရပ်နွေဦးတော်လှန်ရေးတွေ၊ လက်တင်အမေရိက ဘိုလီဗီးယားနိုင်ငံက ပြည်သူအရွေးချယ်ခံသမ္မတ မိုဆာရေးလ် ပြုတ်ကျသွားတဲ့ ဖြစ်စဉ်တွေမှာ NED က ခိုးကြောင်ခိုးဝှက်နဲ့ ပါဝင်ပတ်သက်ခဲ့ပုံတွေကို လေ့လာကြည့်ရင် သိနိုင်မှာဖြစ်ပါတယ်။

ဒါပေမဲ့ လက်ရှိ အမေရိကန်နိုင်ငံရဲ့အဖြစ်အပျက်များစွာက လျင်မြန်စွာပြောင်းလဲနေပါပြီ။ အရင်အစိုးရ အဆက်ဆက် ထားရှိခဲ့တဲ့ အစီအစဉ်တွေ နေရာမှာ လိုလားချက်အသစ်တွေနဲ့ ပြည်တွင်းကော ပြည်ပမှာပါ ပုံဖော်မှုများ တွေ့နေရပြီဖြစ်ပါတယ်။ ရိုက်ခတ်မှုက အတော်ပြင်းထန်မယ့် လက္ခဏာရှိနေတယ်။ အမြဲတမ်းမိတ်ဆွေဆိုတာ မရှိ၊ ထာဝရရန်သူဆိုတာ မရှိ ဆိုတဲ့စကားကို လက်ခံနိုင်ရင် အပြောင်းအလဲက တည်ငြိမ်မယ့်သဘော ရှိပါတယ်။

ရွေ့လျောနေတဲ့ အပြုသဘောဖြစ်တည်မှုတစ်ခုကို မရမက ဟန့်တားရင်တော့ ရှိပြီးသားပဋိပက္ခက ပိုမိုကြီးထွားလာရုံပါပဲ။ ဘယ်လိုအပြောင်းအလဲပဲ ဖြစ်ဖြစ် ကျွန်တော်တို့ မြန်မာပြည်သူတွေအနေနဲ့က ကမ္ဘာ့ရေးရာနဲ့ မြန်မာ့အရေး အဆက်အစပ်များကို မျက်ခြည်မပြတ်ဖို့ လိုပါတယ်။ အကွက်ကျကျအရွေ့တွေမှာ အမြော်အမြင်ရှိရှိ လိုက်ပါနိုင်ရင်တော့ အပြောင်းအလဲက ကိုယ့်အတွက်ပါပဲ။ ဘယ်လိုပဲ ရိုက်ခတ်ရိုက်ခတ် အပြုသဘောဆန်နေမှာသာ ဖြစ်ပါတယ်။ ယခုဆောင်းပါးမှာတော့ အမေရိကန် NED အပေါ်မှာ ရေးရေးလေးမြင်သာရုံ ဖော်ပြထားပါတယ်။ နောက်ဆောင်းပါးမှာတော့ USAID နဲ့ NED နှစ်ဖွဲ့ ပူးပေါင်းပြီး ကမ္ဘာ့ရေးရာများစွာမှာ ဘယ်လိုလျှို့ဝှက် ပါဝင်ပတ်သက်နေကြပါသလဲ.. ဆက်လက်လေ့လာဖော်ပြသွားမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၊ အားကစားကွင်း/အားကစားရုံများအား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏကွင်းရှိ အမျိုးသား အမျိုးသမီး လေးထပ်တည်းခိုဆောင်သို့ ရောက်ရှိပြီး မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ရှိ ဆောင်းရာသီသင်တန်းတွင် အားကစားသမားများ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်ချက်များ မှာကြားသည်။



**ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေး**

ထို့နောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် လေ့ကျင့်ရေးရုံပြင်ဆင်မည့် အခြေအနေများနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် လက်ရွေးစင်အားကစားသမားများလေ့ကျင့်နေမှု၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တွင် Cycling E-Sport National Championship 2025 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားသမားများ Indoor Trainer ဖြင့် လေ့ကျင့်နေမှု၊ ပဒေသာအားကစားကွင်းအတွင်းရှိ ဘောလုံးကွင်းမြက်ခင်းပြင်ဆင်နေမှု၊ အားကစားကွင်း/အားကစားရုံများနှင့် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနရုံး ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပဒေသာအားကစားခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူငယ်အားကစားလေ့ကျင့်ရေးစခန်းသုဝဏ္ဏ (YTC) ဘောလုံးကွင်းသို့ရောက်ရှိပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် FIFA အကူအညီဖြင့် တည်ဆောက်မည့် Outdoor မြက်ခင်းတု ဖူဆယ်အသင်းလေ့ကျင့်ရေးကွင်း(၁) နှင့် (၂) အကြီးစားပြင်ဆင်နေမှု ကြည့်ရှုစစ်ဆေးပြီး ဘောလုံးအကယ်ဒမီ(ရန်ကုန်)အတွင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး၌ အဖွဲ့ချုပ်အမှုဆောင်အဖွဲ့တို့နှင့် တွေ့ဆုံပြီး လာမည့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး ဖူဆယ်အသင်းများ အောင်မြင်မှုရရှိရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ကြရန်နှင့် ဘောလုံးမျိုးဆက်သစ်များ ပေါ်ထွက်လာစေရန် မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များကိုတွေ့ဆုံ၍ နိုင်ငံတကာပြိုင်ပွဲများ၌ အောင်မြင်မှုရရှိရေးမှာကြားပြီး မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်၌ တင်းနစ်ကွင်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ မျိုးဆက်သစ်တင်းနစ်အားကစားသမားများ လေ့ကျင့်နေမှု၊ သိမ်ဖြူလက်ဝှေ့အားကစားရုံ၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိခဲ့သော ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုပွဲကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၂၄

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်းအလိုက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိခဲ့သော ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုအားကစားသမားများ၊ အုပ်ချုပ်သူ/နည်းပြများအား ဂုဏ်ပြုပွဲ ကျင်းပသည်။




ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ပဲခူးတိုင်းဒေသကြီးမှ အားကစားနည်း ၂၃ နည်းတွင် မသန်စွမ်းအားကစားသမားများအပါအဝင် ရွှေတံဆိပ် ၂၆ ခု၊ ငွေတံဆိပ်အခု ၄၀ နှင့် ကြေးတံဆိပ်အခု ၇၀ ရရှိခဲ့သည့်အတွက် ယခုလို ထိုက်တန်စွာ ဂုဏ်ပြုပွဲကျင်းပ ပေးရခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီး ကိုယ်စားပြု အားကစားသမားများ၊ နည်းပြ/ အုပ်ချုပ်သူများ အနေဖြင့် သက်ဆိုင်ရာအားကစားနည်းများအလိုက် စဉ်ဆက်မပြတ် ဆက်လက် လေ့ကျင့်သွားရန်နှင့် နောင်လာမည့် တိုင်းဒေသကြီး/ ပြည်နယ် ပြိုင်ပွဲများတွင် နိုင်ငံတော်အဆင့်ထိ တက်လှမ်းနိုင်မည့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး အားကစားကဏ္ဍ ဘက်စုံ တိုးတက်မြင့်မားရေးနှင့် အောင်မြင်မှုများ ရရှိနိုင်ရေး အစွမ်းကုန် ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ရေကူး၊ ပြေးခုန်ပစ်၊ အလေးမ၊ ကာယကြံ့ခိုင်မှုနှင့် တင်းနစ် အားကစား နည်းများအလိုက် ရွှေတံဆိပ်ဆုရရှိသူ ငါးဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့သည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌတို့က အားကစားနည်းအလိုက် ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ် ဆုရရှိသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် အားကစားနည်း ၂၃ နည်းတွင် မသန်စွမ်း အားကစားသမားများ အပါအဝင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိခဲ့သည့် ဂုဏ်ပြုခံ အားကစားသမားများ၊ အုပ်ချုပ်သူ/ နည်းပြများအတွက် စုစုပေါင်း ငွေကျပ် ၇၃၂ သိန်းအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြစ်သား-စံပါယ်တောလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မြစ်သားမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်သည့် မြစ်သား-စံပါယ်တောလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်း ဆောင်ရွက်ပြီးစီးသည့်အတွက် မြစ်သားမြို့နယ်အတွင်း ကျေးရွာရှစ်ရွာမှ အိမ်ခြေ ၃၇၉၈ အိမ်၊ လူဦးရေ ၁၈၆၃၁ ဦးတို့သည် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ်သည်။

ထိုကဲ့သို့ မြစ်သား-စံပါယ်တောလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ)၊ ကျောက်ဆည်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် မြို့နယ်တာဝန်ခံတို့သည် ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယနေ့နံနက်ပိုင်းက လွတ်လပ်ရေးရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကွင်းဆင်းဆောင်ရွက်**

ကွင်းဆင်းစစ်ဆေးခြင်းအား မြို့နယ်လဝကမှူး ဒေါ်သွယ်သွယ်ငြိမ်းနှင့် ဝန်ထမ်းများက လွတ်လပ်ရေးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက်အတွင်းရှိ ပြည်သူများအား အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်နေမှုကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်နှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်စိုးတို့က လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူများအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**







ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၅၀ ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့ - ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၁၅၀ ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၃၇၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၆၉၇ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ထိန်းသိမ်းထားရှိသည့် ပြည်ပနိုင်ငံသား ၂၃၇၀ သည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယားနှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မော်လမြိုင် ဖေဖော်ဝါရီ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ နံနက်ပိုင်းက ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကို၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့နှင့်အတူ ဘားအံမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ သတင်းဌာနခွဲမှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။



### စာအုပ်စာစောင်များလှူဒါန်း

ထို့နောက် လှာကပြင်ကျေးရွာရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် ဆောက်လုပ်ဖွင့်လှစ်ပြီးဖြစ်သော “အလင်းတိုက်” စာကြည့်တိုက်ကို ကြည့်ရှုအားပေးပြီး ရပ်မိရပ်ဖများ၊ စာကြည့်တိုက်မှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ အားပေးမှာကြားကာ စာအုပ်စာစောင်များ လှူဒါန်းသည်။

ဆက်လက်၍ ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့် ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဆောက်လုပ်ပေးထားသော ဘက်စုံသုံးခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်မှူးနှင့် ဝန်ထမ်းများ၊ ခရိုင်ရုံးဝန်ထမ်းများ၊ ဖာပွန်မြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲမြို့နယ်၊ ရှမ်းရွာသစ်မြို့နှင့် ပိုင်ကျုံမြို့တို့မှ ဦးစီးမှူးများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထိုသို့ မှာကြားရာတွင် မြဝတီခရိုင် ဦးစီးမှူးနှင့် ကျန်မြို့နယ်များမှ ဦးစီးမှူးများကလည်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး(ဓါပုံ) ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ထို့နောက် မော်လမြိုင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်အား ကြည့်ရှုစစ်ဆေး၍ ပြည်နယ်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရေးမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့နောက် မော်လမြိုင်မြို့ သာယာအေးရပ်ကွက်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြင့် တည်ဆောက်ဖွင့်လှစ်ထားသော “လင်းရောင်ခြည်” စာကြည့်တိုက်သို့ ရောက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် စာကြည့်တိုက်မှူးများအား တွေ့ဆုံ၍ စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်များ စာကြည့်တိုက်သို့ လာရောက်စာဖတ်ကြရေး၊ စာကြည့်တိုက်ကိစ္စ အပါအဝင် ရပ်ရေးရွာရေး၊ လူမှုရေးကိစ္စများတွင် လူငယ်များလူမှုရေးစိတ်ဖြင့် ပါဝင်လာစေရေး စည်းရုံးဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး စာအုပ်စာစောင်များ လှူဒါန်းခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**

# အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်မည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ ရန်ကုန်မြို့သို့ ရောက်ရှိ



ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ Horizon Lake View Hotel တွင် အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပမည့် “ထိရောက်သောလူထုဆက်ဆံရေးအတွက် အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ” (Workshop on Mastering Government Communication: Empowering Spokespersons for Effective Public Engagement) သို့ တက်ရောက်မည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ယနေ့ နံနက်ပိုင်းမှစတင်၍ ရန်ကုန်မြို့သို့ ရောက်ရှိရာ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။(ဓါပုံ)

### ရည်ရွယ်ကျင်းပ

“ထိရောက်သော လူထုဆက်ဆံရေးအတွက် အစိုးရပြောရေးဆိုခွင့်ရှိသူများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ”ကို အာဆီယံပြန်ကြားရေး ဆပ်ကော်မတီ၏ စီမံကိန်းတစ်ခုအဖြစ် အာဆီယံ ယဉ်ကျေးမှုရန်ပုံငွေ အထောက်အပံ့ဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး အာဆီယံဒေသတွင်းရှိ အစိုးရပြောရေးဆိုခွင့်ရှိသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဖြင့် မီဒီယာနှင့် အစိုးရတာဝန်ရှိသူများအကြား ထိထိရောက်ရောက် ဆက်သွယ်ပြောဆိုနိုင်ရန် အဓိကကျသည့် သတင်းစကားများ ဖြန့်ဖြူးပေးပို့နိုင်ရန်နှင့် အစိုးရနှင့် ပြည်သူလူထုအကြား ယုံကြည်မှုတည်ဆောက်ရန်သာမက အကျပ်အတည်း အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုနှင့် အသိပညာများ ဖလှယ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် ကမ္ဘောဒီးယား၊ ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ မြန်မာ၊ လာအိုနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်တို့ ပါဝင်တက်ရောက် ဆွေးနွေးကြမည်ဖြစ်ပြီး လေ့လာသူများအဖြစ် ဂျပန်နိုင်ငံကိုယ်စားလှယ်နှင့် အခြားတာဝန်ရှိသူများ တက်ရောက်ကြမည် ဖြစ်သည်။

ထို့အတူ အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအပါအဝင် မီဒီယာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက လေ့လာသူအဖြစ် ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုသိမ်ပညာရေးဒီဂရီကောလိပ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပ




ဒေသကြီးဝန်ကြီးချုပ်က အားကစားပစ္စည်းများ လက်ဆောင်ပေးအပ်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူငယ်ရေးရာ အသိပညာပေးဟောပြောပေးခဲ့ကြသည့် ဆရာ ဆရာမ နှစ်ဦးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ပြီး ပုသိမ်ပညာရေးဒီဂရီကောလိပ်သို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပုသိမ် ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ပုသိမ်ပညာရေးဒီဂရီကောလိပ် ပညာရတနာခန်းမတွင် ဧရာဝတီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် ပုသိမ်ပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲအခမ်းအနားသို့ တက်ရောက်သည်။

**ပေးအပ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အနာဂတ်နိုင်ငံ့တာဝန်များအား ပခုံးပြောင်းထမ်းဆောင်ကြမည့် ကျောင်းသားလူငယ်များအား သင်ကြားပေးရမည့် ဆရာ၊ ဆရာမလေးငါးများအနေဖြင့် မိမိကိုယ်တိုင်လည်း ဗလငါးတန်နှင့် ပြည့်စုံရန်လိုအပ်ပါကြောင်း၊ လူငယ်များ အတွေးအခေါ်မြင့်မားစေရေးအတွက် လူငယ်များ၏ စွမ်းဆောင်ရည်၊ ကိုယ်ကျင့်တရား၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဦးဆောင်နိုင်မှုနှင့် စိတ်ဓာတ်ရေးရာ မြင့်မားခိုင်မာအောင် တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် အခြေခံပညာကျောင်းများတွင် အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများနှင့် လူငယ်လေ့လာရေး ခရီးစဉ်များကို ကျင်းပဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူငယ်များအနေဖြင့် စာပေတွင်သာမက အနုပညာနှင့် အားကစားကဏ္ဍများတွင်လည်း ထူးချွန်ထက်မြက်သူများဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပုသိမ်တက္ကသိုလ် မြန်မာစာဌာန၊ ပါမောက္ခ/ဌာနမှူးက “လူငယ်ဘဝမှာ ပညာရှာ” နှင့် ပုသိမ်မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး ဆရာမ ညိမ်မွန်က “လူငယ်နှင့် နိုင်ငံ့ဂုဏ်” ခေါင်းစဉ်တို့ဖြင့်အသိပညာပေးဟောပြောသည်။ ယင်းနောက် ဉာဏ်စမ်းပဟေဠိမေးခွန်းများ မေးမြန်းခဲ့ကြရာ သင်တန်းသား သင်တန်းသူများက ဖြေဆိုခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အားကစားပစ္စည်းများ လက်ဆောင်ပေးအပ်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူငယ်ရေးရာ အသိပညာပေးဟောပြောပေးခဲ့ကြသည့် ဆရာ ဆရာမ နှစ်ဦးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ပြီး ပုသိမ်ပညာရေးဒီဂရီကောလိပ်သို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# နယ်စပ်ရေးရာဝန်ကြီးဌာန မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ဧရာဝတီခန်းမ၌ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။

**မေးမြန်းဆွေးနွေး**

ဦးစွာ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောခြင်း အခမ်းအနားကို နေပြည်တော် တိုင်းမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြတ်သီဟက မီးသတ်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဒက္ခိဏခရိုင် မီးသတ်ဦးစီးမှူး ဦးဝင်းကျော်က မီးဘေးလုံခြုံရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို ဝန်ကြီးဌာနအနီးရှိ လျှိုပိတ်ဆည်တွင် ကျင်းပပြုလုပ်ရာ ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က မီးလောင်ကျွမ်းမှုဖြစ်ပေါ်လာပါက ငြိမ်းသတ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့်အတူ လက်တွေ့ သရုပ်ပြလေ့ကျင့်ကြသည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ဆောင်ရွက်နေမှုများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးရုံး၊ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ကြည့်ရှုအားပေးခဲ့ကြသည်။

**အသိပညာဆွေးနွေး**

အလားတူ နယ်စပ်ရေးရာ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံးနှင့် ကျောင်းများ၌ ၂၀၂၅ ခုနှစ်အတွင်း ယနေ့အချိန်ထိ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာဆွေးနွေး ဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားများကို အရာထမ်း၊ အမှုထမ်းဦးရေ ၂၅၀၀ တက်ရောက်၍ ၂၇ ကြိမ် ဆောင်ရွက်ခဲ့ပြီး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းများကို လစဉ်ထပ်မံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စင်ကာပူရောက် မြန်မာများကို ဦးတည်ရောင်းချမည့် အိမ်ရာအရောင်းပြပွဲ ပြုလုပ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

စင်ကာပူနိုင်ငံရောက် မြန်မာများကို ဦးတည်ရောင်းချမည့် အိမ်ရာအရောင်းပြပွဲကို စင်ကာပူနိုင်ငံတွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ (၆) ကြိမ်မြောက် မြန်မာ့အိမ်ရာများ အရောင်းပြပွဲကြီးကို Shwe Property က မတ် ၁ ရက်နှင့် ၂ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ Mercure Bugis Hotelတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ကြီးများရှိ စိတ်ချခိုင်မာမှုရှိသည့် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ တိုက်ခန်း၊ မီနီကွန်ဒို၊ ကွန်ဒို၊ လုံးချင်းအိမ်နှင့် ဂရန်အမည်ပေါက်မြေကွက်များကို စိတ်တိုင်းကျရွေးချယ်နိုင်မည်ဖြစ်သည်။ သိန်း ၉၀၀ ကျော်မှစသည့် ဆောက်လုပ်ဆဲနှင့် BCC ကျပြီး တိုက်ခန်းများ၊ သိန်း ၂၀၀၀ ကျော်မှစသည့် ဆောက်လုပ်ဆဲနှင့် BCC ကျပြီး မီနီကွန်ဒိုများ၊ သိန်း ၃၀၀၀ ကျော်မှစသည့် အဆင့်မြင့်ကွန်ဒိုများ၊ သိန်း ၄၀၀၀ ကျော်မှစသည့် Luxury ကွန်ဒို ၊ လုံးချင်းအိမ်များ စသည့်ကွန်ဒို/ တိုက်ခန်း/ မြေကွက်/ လုံးချင်းအိမ် ၁၀၀၀ ကျော်ကို တစ်နေရာတည်းတွင် စိတ်ကြိုက်ရွေးချယ် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြပွဲရက်အတွင်း ရရှိနိုင်မည့် အထူးအစီအစဉ်များအနေဖြင့် အသက်သာဆုံး 1 Sqft အထူးလျှော့ဈေးများနှင့် ဝယ်ယူခွင့်၊ ငွေတစ်လုံးတစ်ခဲတည်း ပေးစရာမလိုဘဲ လစဉ် ပုံမှန်ပေးသွင်းဝယ်ယူနိုင်ခြင်း၊ အတိုးမဲ့အရစ်ကျစနစ်အပြင် နှစ်ရှည်ဝယ်ယူလိုသူများအတွက် သက်သောင့်သက်သာပေးချေပြီး အရစ်ကျဝယ်ယူခွင့်၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၏ စင်ကာပူရောက်ရွှေမြန်မာများအတွက် အထူးသီးသန့် လျှော့ဈေးဖြင့် ဝယ်ယူခွင့်နှင့် သေချာခိုင်မာမှုရှိသည့် စာချုပ်စာတမ်းများဖြင့် အချိန်မကုန်ဘဲ စိတ်ကြိုက် ဝယ်ယူခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ ပြပွဲတက်ရောက်ရန် https://www. shweproperty. com/sp/bsf4dpdkv တွင် အခမဲ့စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက Viber & Whatsapp မှ +95 9940 670 944သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မေသက်**




# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

■

# တိုင်းပြည်အကျိုးစီးပွားတိုးတက်ဖို့ မှန်ကန်စွာဆောင်ရွက်ကြပါစို့

**တင်သွင်းပစ္စည်းများအား တန်ဖိုးသတ်မှတ်ရာတွင် စိတ်ကူးဖြင့်မှန်းဆခြင်းမဟုတ်ဘဲ ကျိုးကြောင်းခိုင်လုံမှုရှိသော၊ မျှတသော၊ တစ်ပြေးညီဖြစ်သော၊ ဘက်မလိုက်သော၊ အမှန်တကယ် ကုန်သွယ်မှုကို ထင်ဟပ်စေသည့် တန်ဖိုးတစ်ခုဖြစ်ရန်လိုအပ်ပြီး အမှန်တကယ် အရောင်းအဝယ်ဖြစ်သည့်တန်ဖိုးကို ဖြစ်နိုင်သမျှ အခြေခံဆောင်ရွက်ရမည် ဖြစ်ပါသည်။**

**အလင်းရောင်(ဘသန်း)**

တန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာ အခြေခံနည်းလမ်းများအနေဖြင့် ရောင်းဝယ်မှုတန်ဖိုးနည်းလမ်း၊ ထပ်တူညီကုန်ပစ္စည်းများ၏ ရောင်းဝယ်မှုတန်ဖိုး၊ အလားတူကုန်ပစ္စည်းများ၏ ရောင်းဝယ်မှုတန်ဖိုး နည်းလမ်း၊ နုတ်ယူတွက်ချက်သည့်နည်းလမ်း၊ ပေါင်းထည့်တွက်ချက်သည့်နည်းလမ်း၊ နောက်ကြောင်းပြန်သုံးသပ်သည့်နည်းလမ်းဟူ၍ နည်းလမ်း ခြောက်မျိုးရှိပါသည်။

နည်းလမ်းခြောက်မျိုးအနက်မှ **ရောင်းဝယ်မှုတန်ဖိုးနည်းလမ်း** အနေဖြင့် သွင်းကုန်ပစ္စည်းများ၏ အကောက်ခွန်တန်ဖိုး (Customs Value) သည် ရောင်းဝယ်မှုတန်ဖိုး(Transaction Value) ဖြစ်ရပါမည်။ ဆိုလိုခြင်းမှာ ရောင်းဝယ်မှုတွင် စည်းကမ်းကန့်သတ်ချက်များနှင့် ကိုက်ညီပါက ကုန်ပစ္စည်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ တင်ပို့ရန်အတွက် ရောင်းချရာတွင် အမှန်တကယ်ပေးချေခဲ့သည့် (သို့မဟုတ်) ပေးချေရန်ရှိသည့် ဈေးနှုန်းကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အကောက်ခွန်နှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်နှင့်အညီ ညှိနှိုင်းတွက်ချက်ထားသော တန်ဖိုးဖြစ်သည်။

ရောင်းဝယ်မှုတန်ဖိုးနည်းလမ်း အသုံးပြုရာတွင် လိုက်နာဆောင်ရွက်ရမည် ကန့်သတ်ချက်များအနေဖြင့် -

(က) ကုန်ဝယ်ယူသူမှ ကုန်ပစ္စည်းများကို ထုခွဲရောင်းချခြင်း (သို့မဟုတ်) အသုံးချခြင်းတို့အတွက် အောက်ပါကန့်သတ်ချက်များမှအပ မည်သည့်ကန့်သတ်ချက်မျှ မရှိစေရ–

(၁) တင်သွင်းရာနိုင်ငံ၏ဥပဒေ (သို့မဟုတ်) အာဏာပိုင်အဖွဲ့အစည်းများက ပြဋ္ဌာန်းထားသော (သို့မဟုတ်) လိုအပ်ကြောင်း တောင်းဆိုထားသော ကန့်သတ်ချက်များ၊

(၂) ကုန်ပစ္စည်းများကို ပြန်လည်ရောင်းချရာ၌ နယ်မြေအကျယ်အဝန်း ကန့်သတ်ချက်များ၊

(၃) ကုန်ပစ္စည်းများ တန်ဖိုးကို သိသာစွာထိခိုက်မှုမရှိသော ကန့်သတ်ချက်များ။

( ခ ) ရောင်းချမှု (သို့မဟုတ်) ဈေးနှုန်းသည် တန်ဖိုးဖြတ်နေသော ကုန်ပစ္စည်းများ၏ တန်ဖိုးကို ဆုံးဖြတ်သတ်မှတ်ခြင်းမပြုစေနိုင်သည့် စည်းကမ်းသတ်မှတ်ချက် (သို့မဟုတ်) ထည့်သွင်းစဉ်းစားရမည့်အချက်အောက်တွင် မရှိစေရ၊

( ဂ ) ပြဋ္ဌာန်းချက်များအရ သင့်လျော်သည့် ညှိနှိုင်းတွက်ချက်မှု တစ်ခုပြုလုပ်နိုင်ခြင်းမရှိပါက ကုန်ဝယ်ယူသူက ကုန်ပစ္စည်းများကို ဝယ်ယူပြီးနောက်တစ်ဆင့် ပြန်လည်ရောင်းချခြင်း၊ စွန့်လွှတ်ခြင်းနှင့် အသုံးပြုခြင်း လုပ်ဆောင်ချက်များ၏ မည်သည့်အစိတ်အပိုင်းကမျှ ရောင်းချသူသို့ တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ အကျိုးဖြစ်ထွန်းမှုမရှိစေရ၊

(ဃ) ဝယ်ယူသူနှင့် ရောင်းချသူတို့သည် ပတ်သက်ဆက်နွှယ်မှု ရှိသော ပုဂ္ဂိုလ်များမဖြစ်စေရတို့ဖြစ်သည်။

**ညှိနှိုင်းတွက်ချက်ခြင်း** အနေဖြင့် အမှန်တကယ်ပေးချေခဲ့သည့် (သို့မဟုတ်) ပေးချေရန်ရှိသည့် ဈေးနှုန်းတွင် အောက်ပါတို့ကို ပေါင်းထည့်တွက်ချက်ရမည်–

(က) ကုန်ပစ္စည်းများအတွက် အမှန်တကယ်ပေးချေရန်ရှိသည့် ဈေးနှုန်းတွင် မပါဝင်သေးသော ကုန်ဝယ်ယူသူကြောင့် ဖြစ်ပေါ်ခဲ့သည့် ကုန်ကျစရိတ်နှင့် အခကြေးငွေများအနေဖြင့်–

(၁) အဝယ်ကော်မရှင်များမှအပ ကော်မရှင်များနှင့် ပွဲခ၊

(၂) အကောက်ခွန်တန်ဖိုးသတ်မှတ်နေသည့် သက်ဆိုင်ရာ ကုန်ပစ္စည်းများနှင့်အတူပါရှိသော ထည့်သွင်းထုပ်ပိုးထားသည့် ထုပ်ပိုးပစ္စည်းများအတွက် ကုန်ကျစရိတ်များ၊

(၃) လုပ်အားအတွက်ဖြစ်စေ၊ ကုန်ကြမ်းအတွက်ဖြစ်စေ၊ ထုပ်ပိုးမှုနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်။

( ခ ) ဝယ်ယူသူက အခမဲ့ (သို့မဟုတ်) လျှော့ပေါ့ကုန်ကျစရိတ်ဖြင့် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ ပံ့ပိုးပေးပြီး ယင်းတို့၏ တန်ဖိုးသည် အမှန်တကယ်ပေးချေသည့် (သို့မဟုတ်) ပေးချေရန်ရှိသည့်ဈေးနှုန်းတွင် မပါဝင်သေးသော အောက်ပါ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ အချိုးကျတန်ဖိုးများကို ပေါင်းထည့်တွက်ချက်ရပါမည်–

(၁) ကုန်ကြမ်းများ၊ ပေါင်းစပ်ပါဝင်သော အစိတ်အပိုင်းများနှင့် တင်သွင်းလာသောပစ္စည်းများတွင် ပေါင်းစပ်ပါဝင်သော အခြားပစ္စည်းများ၊

(၂) ကိရိယာတန်ဆာပလာများ၊ သတ္တုပေါ်တွင် ထွင်းထားသည့် ရုပ်ပုံများ၊ ပုံစံသွန်းခွက်များနှင့် သွင်းကုန်ပစ္စည်းများကို ထုတ်လုပ်မှုတွင် အသုံးပြုသည့် အလားတူပစ္စည်းများ၊

(၃) တင်သွင်းလာသောပစ္စည်းများ၏ ထုတ်လုပ်မှုတွင် အသုံးပြု၍ ကုန်ခန်းသွားသောကုန်ကြမ်းများ၊

(၄) ကုန်တင်သွင်းသော နိုင်ငံမှအပ အခြားတွင် တာဝန်ခံဆောင်ရွက်သော စက်မှုလက်မှုလုပ်ငန်းတည်ဆောက်မှု၊ အနုပညာ၊ ဒီဇိုင်းလုပ်ငန်းပုံစံများနှင့် ပုံစံကြမ်းများ။

( ဂ ) တန်ဖိုးသတ်မှတ်နေသော ပစ္စည်းများကို ရောင်းဝယ်မှုသဘောတူညီချက်တစ်ရပ်အရ ဝယ်ယူသူက တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ ပေးဆောင်ရသည့် မူပိုင်ခွင့်ဆိုင်ရာ အခကြေးငွေများနှင့် အသုံးပြုခွင့်လိုင်စင်ကြေးများ၊

(ဃ) သွင်းကုန်ပစ္စည်းများကို ပြန်လည်ရောင်းချခြင်း၊ ထုခွဲခြင်း (သို့မဟုတ်) အသုံးပြုခြင်းတို့ကို တင်ပို့ရောင်းချခဲ့သူအား အကျိုးအမြတ်ဖြစ်ထွန်းစေသည့်လုပ်ငန်းစဉ် အစိတ်အပိုင်း တစ်ခုခု၏တန်ဖိုးတို့ဖြစ်သည်။

သွင်းကုန်ပစ္စည်းများ၏ အကောက်ခွန်တန်ဖိုးသည် ဆိပ်ကမ်းရောက်တန်ဖိုး (CIF) အား အခြေခံထားသောတန်ဖိုးဖြစ်ပြီး ကုန်ကျစရိတ်နှင့် အခကြေးငွေများအနေဖြင့် -

(က) သွင်းကုန်ပစ္စည်းများကို တင်သွင်းရာဆိပ်ကမ်း(သို့မဟုတ်) နေရာသို့ သယ်ယူပို့ဆောင်ခြင်းအတွက် ကုန်ကျစရိတ်များ၊

( ခ ) သွင်းကုန်ပစ္စည်းများကို တင်သွင်းရာဆိပ်ကမ်း (သို့မဟုတ်) နေရာသို့ သယ်ယူပို့ဆောင်ရာတွင် ကုန်ကျသည့် ကုန်တင်ခ၊ ကုန်ချခနှင့် ထိန်းသိမ်းကိုင်တွယ်ဆောင်ရွက်ခများ၊

( ဂ ) အာမခံအတွက် ကုန်ကျစရိတ်များတို့ဖြစ်သည်။

ညှိနှိုင်းတွက်ချက်ရာတွင် အမှန်တကယ်ပေးချေခဲ့သော (သို့မဟုတ်) ပေးချေရန်ရှိသောဈေးနှုန်းသို့ ပေါင်းထည့်မှုများအား ဓမ္မဓိဋ္ဌာန်ကျ၍ တိုင်းတာနိုင်သည့် အချက်အလက်များပေါ်တွင်သာ အခြေခံရမည်ဖြစ်ပါသည်။ အထက်ပါအချက်များမှအပ အကောက်ခွန်တန်ဖိုးကို ဆုံးဖြတ်သတ်မှတ်ရာ၌ အမှန်တကယ်ပေးချေခဲ့သော (သို့မဟုတ်) ပေးချေရန်ရှိသောဈေးနှုန်းသို့ အခြားမည်သည့် ပေါင်းထည့်မှုကိုမျှ မပြုရတို့ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ အမှန်တကယ် ကုန်သွယ်မှုကို ထင်ဟပ်စေသည့် တန်ဖိုးတစ်ခုဖြစ်စေရန် လိုအပ်ပြီး အမှန်တကယ် အရောင်းအဝယ်ဖြစ်သည့်တန်ဖိုးကို ဖြစ်နိုင်သမျှ အခြေခံဆောင်ရွက်ရမည်ဖြစ်ကာ တန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာ အခြေခံနည်းလမ်းများကို သိရှိနားလည်သဘောပေါက်ခြင်းအားဖြင့် ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSMEs) စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တင်သွင်းပစ္စည်းများအား တန်ဖိုးသတ်မှတ်ရာတွင် စိတ်ကူးဖြင့်မှန်းဆခြင်းမဟုတ်ဘဲ ကျိုးကြောင်းခိုင်လုံမှုရှိသော၊ မျှတသော၊ တစ်ပြေးညီဖြစ်သော၊ ဘက်မလိုက်သော၊ အမှန်တကယ် ကုန်သွယ်မှုကိုထင်ဟပ်ပေါ်လွင်စေသည့် တန်ဖိုးတစ်ခုသတ်မှတ်ပြီး တရားဝင်ကုန်သွယ်မှုလုပ်ငန်းများ၏ တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်ကူညီခြင်းအားဖြင့် တိုင်းပြည်အကျိုးစီးပွားတိုးတက်နိုင်စေရေးအတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

**❛ အမှန်တကယ် ကုန်သွယ်မှုကို ထင်ဟပ်စေသည့် တန်ဖိုးတစ်ခုဖြစ်စေရန် လိုအပ်ပြီး အမှန်တကယ် အရောင်းအဝယ်ဖြစ်သည့်တန်ဖိုးကို ဖြစ်နိုင်သမျှ အခြေခံဆောင်ရွက်ရမည်ဖြစ်ကာ တန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာ အခြေခံနည်းလမ်းများကို သိရှိနားလည်သဘောပေါက်ခြင်းအားဖြင့် ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSMEs) စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် တင်သွင်းပစ္စည်းများအား တန်ဖိုးသတ်မှတ်ရာတွင် စိတ်ကူးဖြင့်မှန်းဆခြင်းမဟုတ်ဘဲ ကျိုးကြောင်းခိုင်လုံမှုရှိသော၊ မျှတသော၊ တစ်ပြေးညီဖြစ်သော၊ ဘက်မလိုက်သော၊ အမှန်တကယ် ကုန်သွယ်မှုကို ထင်ဟပ်ပေါ်လွင်စေသည့် တန်ဖိုးတစ်ခုသတ်မှတ်ပြီး တရားဝင်ကုန်သွယ်မှုလုပ်ငန်းများ၏ တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်ကူညီ ❜**

## ဒေးဒရဲမြို့၌ မီးဘေးလုံခြုံရေး အသိပညာပေး စစ်ဆေးဆောင်ရွက်

**ဒေးဒရဲ ဖေဖော်ဝါရီ ၂၄**

ရောဝတီတိုင်း ဒေသကြီး ဒေးဒရဲမြို့နယ် အမှတ် (၃) ရပ်ကွက် ၌ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဟန်ဝင်းစိုး ဦးဆောင်ကာ သန္နိုအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ပူးပေါင်းအဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

**တစ်အိမ်တက်ဆင်း စစ်ဆေး**

အသိပညာပေး စစ်ဆေးရာတွင် နေအိမ်များအတွင်း၌ လျှပ်စစ်သွယ်တန်းသုံးစွဲမှု အခြေအနေ၊ လျှပ်စစ်မီး၊ ထင်းမီးဖိုသုံးစွဲမှု အခြေအနေ၊ မီးဘေးတားဆီးကာကွယ်ရေး မီးချိတ်မီးကပ်၊ ရေပုံး၊ သဲအိတ်များထားရှိမှု အခြေအနေကို တစ်အိမ်တက်ဆင်း စစ်ဆေးကာ လိုအပ်သည်များအား လိုက်နာဆောင်ရွက်ရန် အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**ရောဦးသာ**



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဥပဒေအသိပညာ ပြန့်ပွားရေးအစီအစဉ်အရ "ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောဆွေးနွေးပွဲ" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောဆွေးနွေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၌ Hybrid System ဖြင့် ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးခွဲများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဟောပြောဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌက လူမှုလောက တည်ငြိမ်၊ လုံခြုံရေးအတွက် ဥပဒေများကိုသတ်မှတ်ထားရှိခဲ့ကြကြောင်း၊ မျက်မှောက်ခေတ် နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးကြောင်း၊ ထို့အတွက် ဥပဒေအသိပညာ တိုးပွားသိရှိစေရန်အတွက် ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ နေ့စဉ်ဘဝ ဖြတ်သန်းရာ၌ ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံအကျိုးပြုနိုင်ရေး၊ လူ့အခွင့်အရေးကို လေးစားလိုက်နာသည့် လူမှုအဖွဲ့အစည်းဖြစ်စေရေးတို့ကို ပံ့ပိုးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပြောကြား**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်က စစ်မှန်သောစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ပေါ်ပေါက်ရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများကို လူတိုင်းသိရှိရန်လိုအပ်ကြောင်း၊ ဥပဒေအသိပညာသိရှိမှသာ လူမှုဘဝကို အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် တာဝန်ရှိသူများက ရာဇသတ်ကြီး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေတို့နှင့်စပ်လျဉ်း၍ လက်တွေ့ဂရုပြုလိုက်နာသင့်သည်များကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်အစည်းအဝေး လမ်းညွှန်မှာကြားချက်များထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တွင် ဖေဖော်ဝါရီ ၁၃ ရက် မှ ၁၄ ရက်အထိ Virtual စနစ်ဖြင့် ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီးများ/ ခရိုင်တရား သူကြီးများ၏ (၂၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ Virtual ဖြင့် ကျင်းပသည်။




ထပ်ဆင့် ရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်က ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ လမ်းညွှန်မှာကြားချက်များပါ တရားစီရင်ရေးနှင့် တရားရုံး စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ထိခိုက်စေသည့်အမှုများကို လေးလေးနက်နက်ထားပြီး စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ Judicial Collage ကို အာဆီယံဒေသအတွင်း တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုအနေနှင့် အာဆီယံနှင့် မိတ်ဖက်နိုင်ငံများက တရားသူကြီးများကိုဖိတ်ခေါ်၍ သင်တန်းများ၊ ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများ လက်ခံကျင်းပပေးနိုင်ရန်နှင့် မြန်မာတရားသူကြီးများ၊ တရားရေးအရာရှိများနှင့် စွမ်းဆောင်ရည် တိုးမြှင့်ရေးအတွက် လေ့ကျင့်ပျိုးထောင်နိုင်ရန် ရည်ရွယ်ပြီး ၂-၁-၂၀၂၅ ရက်နေ့က Judicial Collage ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အနေဖြင့် မြန်မာ့ တရားစီရင်ရေးကဏ္ဍတွင် ဉာဏ်ရည်တု နည်းပညာများကို အသုံးပြုနိုင်ရေးအတွက် သုတေသနစာတမ်းများ ပြုစုရေးသားလျက်ရှိကြောင်း ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးကလည်း နိုင်ငံတော်ဘဏ္ဍာငွေများအား လေလွင့်ပြုန်းတီးမှုမဖြစ်ပေါ်စေရေး အထူးဂရုပြု ဆောင်ရွက်ကြရန်လိုကြောင်း၊ တရားသူကြီးများသည် မိမိဂုဏ်သိက္ခာ ထိန်းသိမ်းပြီး လျော်ကန်သင့်မြတ်စွာ ဝတ်စားဆင်ယင်ကြရန် လိုကြောင်း၊ သက်သေခံပစ္စည်းများ လျော့နည်းပျက်စီးပျောက်ဆုံးမှု မဖြစ်ပေါ်စေရေး အလေးထားဂရုပြုဆောင်ရွက်ရန်လိုကြောင်း စသည်ဖြင့် ထပ်ဆင့် ရှင်းလင်းမှာကြားသည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တိုင်းဒေသကြီးတရားရေးလွှတ်တော်၊ ခရိုင်/မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၃၂၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ထားဝယ်တက္ကသိုလ်၌ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲ ကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၂၄**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးဦးအောင်နိုင်နှင့် တွဲဖက်အတွင်းရေးမှူး၊ အမှတ်(၁၁) ယာဉ်ထိန်း ရဲဒုတပ်ဖွဲ့ခွဲ(တနင်္သာရီ) ရဲမှူးထွန်းနိုင်အောင်တို့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် သိရှိလိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ လမ်းညွှန် လမ်းအမှတ်အသား၊ အချက်ပြများ၊ ဆောင်ရန်၊ ရှောင်ရန်များနှင့်သိရှိလိုက်နာရမည့် အချက်များအား ရှင်းလင်းဆွေးနွေး ဟောပြောသည်။



ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က ကျောင်းသား ကျောင်းသူအဆောင်များတွင် အသုံးပြုနိုင်ရန်အတွက် လက်မ ၄၀ မြန်မာ့ရုပ်မြင်သံကြားစက်နှစ်လုံး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်က ထားဝယ် တက္ကသိုလ်မိသားစုဝင်များအတွက် အာဟာရဒါနအဖြစ် ကြက်ဥအလုံး ၁၀၀၀ နှင့် တိုင်းဒေသကြီးဝန်ကြီးများက ထားဝယ် တက္ကသိုလ်အတွက် လှူဒါန်းငွေ သုံးသိန်းကျပ်တို့ကို ပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ် ဒေါက်တာ သန်းသန်းဦးက လက်ခံရယူသည်။

ဆက်လက်၍ ပါမောက္ခချုပ် ဒေါက်တာသန်းသန်းဦးက အသိပညာပေး ဟောပြောသူများအား အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရေဥက္ကံကျေးရွာတွင် ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီးလှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ ပြည်သူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးဆောင်ရွက်ခြင်းကိုဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ရေဥက္ကံကျေးရွာ၌နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးလျက်ရှိပြီး အမှတ်(၇)ရပ်ကွက်တွင် ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဘော်ကအဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်က ရေဥက္ကံကျေးရွာအတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်ပြား ကျား ၅၇ ဦး၊ မ ၆၁ ဦး စုစုပေါင်း ၁၁၈ ဦးကို ထုတ်ပေးပြီး အမှတ်(၇)ရပ်ကွက်အတွင်းရှိပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့ ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**ပေကျင်း ဖေဖော်ဝါရီ ၂၄**

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့ ယနေ့တွင် ရုရှား-ယူကရိန်း အရေးအပါအဝင် ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်များကို ဖုန်းဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် အခက်အခဲများကို ကြံ့ကြံ့ခံကာ အချင်းချင်း ဖေးမကူညီသော စစ်မှန်သည့် မိတ်ဆွေများဖြစ်သည်ဟု သမ္မတရှီကျင့်ဖျင်က ပြောကြားသည်။

တရုတ်-ရုရှား ဆက်ဆံရေးသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီး တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများနှင့် နိုင်ငံခြားရေးမူဝါဒများသည် ရေရှည်ဆက်ဆံရေးအတွက် မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှီက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ချက်မှန်သမျှကို ကြိုဆိုပြီး ယင်းကိစ္စရပ်များတွင် အမေရိကန်သမ္မတထရမ့်၏ ရုရှား-ယူကရိန်းပဋိပက္ခအဆုံးသတ်ရေးကိစ္စလည်း ပါဝင်ကြောင်း တရုတ်နိုင်ငံက ပြောကြားသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ရုရှားနိုင်ငံနှင့် အမေရိကန်နိုင်ငံအကြား မကြာမီကကျင်းပခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရုရှားသမ္မတဗလာဒီမာပူတင်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲအတွင်း တရုတ်-ရုရှားနှစ်နိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့သည်။

ယခုသီတင်းပတ်အတွင်း ရုရှား-ယူကရိန်းပဋိပက္ခအဆုံးသတ်ရေးအတွက် အမေရိကန်သမ္မတ ထရမ့်က ကြိုးပမ်းဆောင်ရွက်နေကြောင်း အိမ်ဖြူတော်သတင်းထုတ်ပြန်ရေး တာဝန်ရှိသူ ကယ်ရိုလင်းလီဗတ်က ပြောကြားသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလတ်ဗရော့ဗ်သည် ယခုလအစောပိုင်းက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုနှင့် အမျိုးသားလုံခြုံရေးအကြံပေး မိုက်ဝေါ့ဒ်တို့အား ဆော်ဒီအာရေဗျနိုင်ငံ၌ တွေ့ဆုံ၍ ရုရှားနိုင်ငံနှင့် အမေရိကန်နိုင်ငံအကြား ဆက်ဆံရေးတိုးမြှင့်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

**ကိုးကား - ဆောက်ချိုင်းနားမောနင်းပို့စ်**

**ဘာသာပြန် - စိုးသူရ**

# အင်ဒိုနီးရှား၌ နိုင်ငံပိုင်အဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲရေးကော်မတီဖွဲ့စည်း

**ဂျကာတာ ဖေဖော်ဝါရီ ၂၄**

အင်ဒိုနီးရှားနိုင်ငံ နိုင်ငံပိုင်အဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား စီမံခန့်ခွဲရန် ယနေ့တွင် ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲရေးကော်မတီကို သမ္မတပရာဘိုဝိုဆူဘီရန်တို၏ ညွှန်ကြားချက်ဖြင့် တရားဝင်လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

ယင်းကော်မတီ၏ လုပ်ငန်းတာဝန်မှာ နိုင်ငံပိုင်အဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှုများကို စီမံခန့်ခွဲသည့် အဖွဲ့အစည်းအဖြစ် သာမကဘဲ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် မဏ္ဍိုင်တစ်ခုအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း ဂျကာတာတွင် ကျင်းပသည့် ၎င်းကော်မတီလုပ်ငန်း စတင်ဆောင်ရွက်သည့် အခမ်းအနားတွင် သမ္မတ ပရာဘိုဝိုက ပြောကြားသည်။

အဆိုပါကော်မတီလုပ်ငန်း စတင်ဆောင်ရွက်သည့် အခမ်းအနားသို့ သမ္မတဟောင်းများ ဖြစ်သည့် ဂျိုကိုဝီဒိုဒိုနှင့် ဆူဆီလိုဘန်းဘန်းယူဒိုယိုနိုအပါအဝင် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သာယာဝပြောမှုဆောင်ကြဉ်း**

ယနေ့ မိမိတို့ဖွဲ့စည်းသည့် ကော်မတီသည် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ယန္တရားဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံသားများအတွက် သာယာဝပြောမှုကို ဆောင်ကြဉ်းရန် စီမံဆောင်ရွက်ချက်ဖြစ်ကြောင်း သမ္မတပရာဘိုဝိုက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**





# ပုပ်ရဟန်းမင်းကြီးဖရန်စစ် ကျန်းမာရေးချို့ယွင်း

**ဗာတီကန် ဖေဖော်ဝါရီ ၂၄**

ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် ကျောက်ကပ်ပျက်စီးသည့် ရောဂါကိုခံစားနေရပြီး ကျန်းမာရေးချို့ယွင်းနေကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

**ကြေညာခဲ့**

ဗာတီကန်နန်းတော်က ယမန်နေ့တွင် အထက်ပါအတိုင်းကြေညာခဲ့ခြင်းဖြစ်ပြီး အသက် ၈၈ နှစ်အရွယ်ရှိ ပုပ်ရဟန်းမင်းကြီးသည် ဖေဖော်ဝါရီ ၁၄ ရက်မှစတင်၍ အဆုတ်အအေးမိရောဂါခံစားနေရကာ ရောမမြို့ရှိ ဆေးရုံတွင် ဆေးကုသမှုခံယူနေသည်။

ပုပ်ရဟန်းမင်းကြီးသည် ဖေဖော်ဝါရီ ၂၂ ရက်မှစတင်၍ ပန်းနာရင်ကျပ်ရောဂါလက္ခဏာများခံစားနေရသောကြောင့် အောက်ဆီဂျင်ဓာတ်ငွေ့ပေးသွင်း၍ ကုသပေးခဲ့ရာတွင် အစားအသောက်များပြန်လည်စားသောက်နိုင်ကာ ဆေးရုံတွင် ဆုတောင်းပွဲကျင်းပနိုင်ခဲ့သည်။

ပုပ်ရဟန်းမင်းကြီးတက်ရောက်နေသည့် ဆေးရုံအနီးနှင့် ဗာတီကန်တွင် ယမန်နေ့က ပရိသတ်အများအပြားဆုတောင်းခဲ့ကြသည်။

ပုပ်ရဟန်းမင်းကြီး ပြန်လည်ကျန်းမာလာစေရေးအတွက် ဆုတောင်းပါကြောင်း သီလရှင်တစ်ဦးက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - စိုးသူရ**

# အရေးယူပိတ်ဆို့မည့် နိုင်ငံများအား ရှုတ်ချဟု မြောက်ကိုရီးယားပြောကြား

**ပြုံယမ်း ဖေဖော်ဝါရီ ၂၄**

မြောက်ကိုရီးယားနိုင်ငံကို အရေးယူပိတ်ဆို့ရန် အစည်းအဝေးကျင်းပခဲ့သည့်နိုင်ငံများအား ရှုတ်ချကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ပရေးရာမူဝါဒဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းအရေးယူပိတ်ဆို့မည့်အစီအစဉ်အား တုံ့ပြန်ရန် မြောက်ကိုရီးယားနိုင်ငံက ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းတာဝန်ရှိသူက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံအား အရေးယူပိတ်ဆို့မှုများချမှတ်ရေးအဖွဲ့သည် မကြာသေးမီရက်များအတွင်းက အစည်းအဝေးကျင်းပခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအား ပိတ်ဆို့အရေးယူရန် ဖွဲ့စည်းထားသည့် အရေးယူပိတ်ဆို့မှုများချမှတ်ရေးအဖွဲ့သည် တရားမဝင်ကြောင်းနှင့် မြောက်ကိုရီးယားနိုင်ငံအား ဖျက်လိုဖျက်ဆီးပြုလုပ်သည့် အဖွဲ့အစည်းဖြစ်ကြောင်း ၎င်းတာဝန်ရှိသူက ပြောကြားသည်။ အမေရိကန်နှင့် အပေါင်းပါနိုင်ငံများသည် မြောက်ကိုရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာကိုထိပါးသည့် ဆောင်ရွက်ချက်များကို ပြုလုပ်ခဲ့သဖြင့် မြောက်ကိုရီးယားနိုင်ငံအနေဖြင့်လည်း သင့်လျော်သည့် တုံ့ပြန်မှုများကို ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံအား အရေးယူပိတ်ဆို့မှုများ ချမှတ်ရေးအဖွဲ့ကို အမေရိကန်၏ဦးဆောင်မှုဖြင့် ပြင်သစ်၊ အီတလီ၊ ကနေဒါ၊ ဂျာမနီ၊ ဂျပန်၊ ဩစတြေးလျ၊ နယ်သာလန်၊ နယူးဇီလန်၊ တောင်ကိုရီးယားနှင့် ဗြိတိန်နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားပြီး မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများ အပေါ် ပိတ်ဆို့အရေးယူသည့် အဖွဲ့အစည်းဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# အစ္စရေး၏တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သည့် ဟစ်ဇ်ဘိုလာခေါင်းဆောင်များ အောက်မေ့ဖွယ် အခမ်းအနားကျင်းပ

**တီဟီရန် ဖေဖော်ဝါရီ ၂၄**

လက်ဘနွန်နိုင်ငံ ဘေရွတ်၌ အစ္စရေး၏ ယမန်နှစ်အတွင်းက တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သည့် ဟစ်ဇ်ဘိုလာခေါင်းဆောင် ဟာဆန်နာသာလာနှင့် ဟာရှန်ဆဖိုင်ဒင်းတို့အတွက် အောက်မေ့ဖွယ်အခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့သည်။

အီရန်နိုင်ငံ တီဟီရန်တွင် ကျင်းပသည့်အခမ်းအနားသို့ သမ္မတ မာဆော့ပါဇက်ကီရှန်နှင့် အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ တပ်မှူးချုပ် ဟူစိန်ဆလာမီတို့ တက်ရောက်ခဲ့သည်။

အခမ်းအနားသို့ တက်ရောက်လာသည့် ပရိသတ်များသည် ဟစ်ဇ်ဘိုလာနှင့် လက်ဘနွန်အလံများကို ဝှေ့ယမ်း၍ အမေရိကန်နှင့် အစ္စရေးဆန့်ကျင်ရေး ကြွေးကြော်သံများကို ကြွေးကြော်ခဲ့ကြသည်။

**အာရပ်နိုင်ငံများ အရေးသာခဲ့**

အီရန်နိုင်ငံ၏ရန်သူများသည် အီရန်၏ တုံ့ပြန်တိုက်ခိုက်မှုများကို တားဆီးနိုင်မည်ဟု မျှော်လင့်ထားသော်လည်း ၎င်းတို့၏ မျှော်လင့်ချက်များဖြစ်လာမည် မဟုတ်ကြောင်း သမ္မတ မာဆော့ပါဇက်ကီရှန်က ပြောကြားသည်။

အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခအတွင်း ဟစ်ဇ်ဘိုလာအဖွဲ့က ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် အာရပ်နိုင်ငံများ အရေးသာခဲ့ကြောင်း အီရန်သမ္မတက ပြောကြားသည်။ ဟာဆန်နာသာလာသည် ယမန်နှစ် စက်တင်ဘာ ၂၇ ရက်က ဘေရွတ်ဆင်ခြေဖုံးရှိ ဟစ်ဇ်ဘိုလာဌာနချုပ်အား အစ္စရေးက လေကြောင်းတိုက်ခိုက်စဉ် သေဆုံးခဲ့သည်။ ၎င်း၏ ရာထူးတာဝန်ကိုဆက်ခံသည့် ဟာရှန်ဆဖိုင်ဒင်းသည် ယမန်နှစ် အောက်တိုဘာ ၃ ရက်တွင် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

■

# တရားမဝင် သစ်မျိုးစုံ၊ ကျောက်စိမ်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၁ ရက်တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၃၄၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၈၅၀၀၀ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ် အိုးပေါက်ကျေးရွာ၌ တရားမဝင် အခြားသစ် ၁ ဒသမ ၀၅၄တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၁ ရက်တွင် မအူပင်မြို့နယ်နှင့် ပန်းတနော်မြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀) ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် မြောင်းမြမြို့နယ်နှင့် ဝါးခယ်မမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် မအူပင်မြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ပဲခူးမြို့သို့သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၈၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ရွာမလမ်း အမှတ်(၃)ရှိဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ တောင်ကြီးမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂ မျိုး၊ လူသုံးကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၂၆၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၄၂၆၄၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ မြဝတီမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသည့် အချောထည်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunglong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ လေယာဉ်ခရီးစဉ်အမှတ် (UB-004/SF-1725)နှင့် (8M-232/ SF-1753)တို့ဖြင့် လိုက်ပါလာသော ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၄၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၈ ဒသမ ၁၉၁ တန်၊သစ်မာ ၇ ဒသမ ၉၃၇ တန်၊ အခြားသစ် ၂ ဒသမ ၈၈၂ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၂၀၃၉၃၀၃ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၇ မှု (ခန့်မှန်းတန်ဖိုးငွေ ၂၅၅၄၅၃၇၀၃ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းလာသည့် ကုန်စည်များ အနေဖြင့် အရည်အသွေးပြည့်မီမှု မရှိနိုင်ခြင်းကြောင့် ပြည်သူများအတွက် ဘေးအန္တရာယ်ကျရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား"အစီအစဉ်မှ **"အကြမ်းဖက် PDF တွေလား ဘာသာမဲ့အစွန်းရောက်တွေလား"** ခေါင်းစဉ်ဖြင့် ၂၆-၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ်ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **"အမေရိကန်နိုင်ငံရေးမူဝါဒအပြောင်းအလဲမှာ ခွက်ပျောက်သွားတဲ့ NUG"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီ မှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၂-၂၀၂၅ အင်္ဂါနေ့

**MRTV HD**

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေါ္ဇ်သုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ မြန်မာ့ရှေးဟောင်းပေ၊ ပုရပိုက် အကြောင်း သိမှတ်ဖွယ်ရာများ
၀၉:၁၀ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
၀၉:၃၀ Sports Diary
၁၀:၃၅ လေ့လာစရာစုံလင် အပိုမြန်ပြည်တစ်ခွင် 'ပင်နှာမြေက Lucky'
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစောလာ' (အပိုင်း-၅၅)
၁၃:၃၀ MRTV National News
၁၅:၀၀ Weekly MNL Review
၁၅:၂၅ ၂၀၂၅ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ သင်ကြားပို့ချ (အင်္ဂလိပ်စာဘာသာရပ်)
၁၆:၄၀ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
၁၇:၁၀ ဒေသတစ်ခု ထုတ်ကုန်တစ်ခု 'ပဲခူးမြို့က သစ်အချောထည် စက်မှုလက်မှု'
၁၇:၄၀ ဝင်ယူဖွယ်ရာမြန်မာ့သနပ်ခါးအငွေ့အသက်
၁၈:၃၀ ပြည်ချစ်သားမွန်တေးသဂင်္ဂ
၁၈:၄၅ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၁၂)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ချစ်သားမွန်တေးသဂင်္ဂ
၂၁:၁၀ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဖမ်းသူများ' (အပိုင်း-၁၉)
၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

07:02 Evergreen Classic: An Da Yel Kin (Htar)
07:10 Star Bean Production
07:30 Myanmar Masterclass: Artist Than Kywe
07:43 The Tasty Creator
08:26 Rare Rainfall Brings Moroccan Desert Back to Life
08:32 Digital Directory on Shwedagon Pagoda
08:46 BE. FALLS PARK
09:17 Preserving and Teaching Myanmar Cultural Arts (Painting & Sculpture, Dance & Music) (Episode-2)

**Me**

၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက (ကရင်)
၀၆:၄၀ မြန်မာသံစဉ်တေးသီချင်းများ
၀၇:၁၀ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်အချစ်ရဲ့ကတားကွက်' (အပိုင်း-၈)
၀၇:၄၀ စတီရီယိုတေးများ
၀၈:၀၅ K POP Music Gallery (အပိုင်း-၅)
၀၈:၂၀ ဟိုတုန်းကရေဒီယိုဇာတ်လမ်းများ 'လှသောဗိုဇ်လှသော'
၀၉:၀၀ နိုင်ငံခြားသံစဉ်တေးများ
၀၉:၁၀ ကာတွန်းအစီအစဉ် 'ဖြူဝင်းစိတ်လှ' (အပိုင်း-၁၁)
၁၀:၃၀ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) 'ဝမ်းနည်းရမှာလားဝမ်းသာရမှာလားဗိသိန်းကြည်'

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
စနိုးပွဲတင်း

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
မြင်တွေ့စေချင် ကယားတို့ဌာနေ (ကယားတိုင်းရင်းသားယဉ်ကျေးမှုနှင့်ကေးလျားရွာ)

**စကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ဧရာဝတီရဲ့အရှိုင်းဆန်တဲ့အလှ ဂေါ်ရန်ဂျီ (အပိုင်း-၃)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ဒေါင်းဒင်အင်းနှင့် စုပေါင်းငါးဖမ်းပွဲတော်

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
သင်မယ်၊ ရေးမယ် တို့ချင်းစာ (အပိုင်း-၁၇)

**ချင်း (ချို) (၁၄:၀၀ မှ ၁၅:၀၀)**
ချင်းရိုးရာ ဆေးအိုးဆေးတံအကြောင်း

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မုဒုံမြို့သို့အလည်တစ်ခေါက် ဘင်လှိုင်ဘုရား

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၃)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ဖူးပွင့်စုံညီပန်းလှရာသီ

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဝက်နံ့ရိုးချဉ်စပ်ဟင်းရည်

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၄၅ Save Our Planet Program
၁၀:၄၅ အသိပညာနှင့်အမှန်တရား
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၈:၄၅ နိုင်ငံတကာစီးပွားရေးသတင်း
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အတုမှန်းသိလျက် လက်ရှိထားမှု'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ'
၁၀:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အာဖရိကနိုင်ငံ' (အပိုင်း-၁)
၁၁:၃၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၅၇)

**MRTV FARMERS' HD CHANNEL**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ တောင်သူလယ်သမားဘဝဖွံ့ဖြိုးဖို့ တစ်နှစ်သုံးသီး စိုက်ကြစို့ 'ဖြူးချောင်းဒေရလှောင်တမံ ဘက်စုံစီမံကိန်း'
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ Planet.Earth.II.6of6.Cities
၁၉:၂၀ The Planet
၂၀:၀၀ ကိုးရောင်ခြယ်အနမ်း (ဇာတ်လမ်း)
၂၂:၀၀ Thirteen Lives (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD CHANNEL**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
၀၆:၄၅ Sports Diary
၁၇:၀၀ အားကစားသတင်း
၂၀:၀၀ ကမ္ဘောဇလား အလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ (ရှမ်းပြည်နယ်(က) နှင့် ပအိုဝ်းလူငယ်)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# PDF အမည်ခံ အကြမ်းဖက်သမားများက ရွှေဘိုမြို့နယ် ခွန်တောင်းကြီးကျေးရွာအနီး လယ်ယာလုပ်ငန်းဆောင်ရွက်နေသည့် ဒေသခံပြည်သူများအား လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူ သုံးဦး လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာများရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ခွန်တောင်းကြီးကျေးရွာအနီး လယ်လုပ်ငန်းဆောင်ရွက်နေသည့် ဒေသခံပြည်သူများအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူအမျိုးသမီး သုံးဦး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ခွန်တောင်းကြီးကျေးရွာနေ မသန္တာထွေး(ဘ)ဦးဝင်းမြင့်၊ မသန်းသန်းစိုး (ဘ)ဦးဝင်းဘိုနှင့် ဒေါ်ပပဦး(ဘ)ဦးစိန်သန်းတို့ သုံးဦးသည် ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၁၀၀ ခန့်အကွာရှိ လယ်ကွင်းများအတွင်း ပေါင်းမြက်များ ရှင်းလင်းနေစဉ် ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက လယ်ကွင်း၏ အရှေ့ဘက် မီတာ ၂၀၀ ခန့်အကွာမှနေ၍ လက်နက်ငယ်များဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် ၎င်းတို့တွင် လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ ဒေသခံပြည်သူ သေဆုံး၊ ဒဏ်ရာရရှိမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်အား လိုအပ်သောလုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

PDF အမည်ခံအကြမ်းဖက်သမားများက လယ်ယာလုပ်ငန်း ဆောင်ရွက်နေသည့် အပြစ်မဲ့ပြည်သူများအား လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်သည့်နေရာပြပုံ










PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာများ ရရှိခဲ့မှု။

PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ လက်နက်ငယ်ကျည် ထိမှန်ဒဏ်ရာများ ရရှိခဲ့မှု။

---

# နွားထိုးကြီးမြို့နယ် မာန်လည်ကျေးရွာကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူနှစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မာန်လည်ကျေးရွာကို ဖေဖော်ဝါရီလ ၂၃ ရက်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်တွင် သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ယင်းရက်က နွားထိုးကြီးမြို့နယ် မာန်လည်ကျေးရွာ အနီးတစ်ဝိုက်တွင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိစုဖွဲ့နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏သတင်းပေးပို့ချက်အရ လိုအပ်သည့်နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများဖြင့်




မဟုတ်မမှန် လုပ်ကြံရေးသားပြီး လွှင့်ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

သတင်းစဉ်

---

# အကျဉ်းသူ သေဆုံးပြီး သတင်းမပေါက်ကြားရန် ဖုံးကွယ်ထားဟု မဟုတ်မမှန် စွပ်စွဲရေးသား

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မန္တလေး အိုးဘိုထောင်တွင် နိုင်ငံရေးအကျဉ်းသူ အသက် ၆၅ နှစ်အရွယ် ဒေါ်စန်းရီ သေဆုံးသွားခဲ့ပြီး စစ်တပ်က သတင်းမပေါက်ကြားရန် ဖုံးကွယ်ထားသည်ဟု Khit Thit Media အမည်ခံ Facebook Page က မဟုတ်မမှန် စွပ်စွဲရေးသား ဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။

အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသား၊ အကျဉ်းသူဟူ၍ မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများရှိပြီး အကျဉ်းသူ မစန်းရီသည် အကြမ်းဖက် ပုဒ်မ ၅၂(က) ဖြင့် ထောင်ဒဏ် ခုနစ်နှစ်ကို မန္တလေးဗဟိုအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူဖြစ်သည်။

ယင်းအကျဉ်းသူသည် အကျဉ်းထောင်သို့ မရောက်ရှိမီ ပြင်ပ၌ နေထိုင်စဉ်ကတည်းက အစာအိမ်ရောင်ရောဂါ၊ သွေးတိုးရောဂါ ခံစားနေရသူဖြစ်ပြီး သွေးတိုးရောဂါအတွက် သွေးကျဆေးပုံမှန်သောက်သုံးနေရသူ ဖြစ်သော်လည်း လက်ရှိတွင် ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကာ အကျဉ်းထောင် အမျိုးသမီးဆောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့်အတွက် ဖေဖော်ဝါရီ ၁၀ ရက်က အကျဉ်းသူ မစန်းရီ သွေးတိုး၊ ဆီးချို၊ နှလုံး၊ အသည်းရောဂါတို့ဖြင့် သေဆုံးသည် ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

ထို့ပြင် ကျန်းမာရေးမကောင်းသည့် အကျဉ်းသားများကို အကျဉ်းထောင်ဆရာဝန်၊ ကျန်းမာရေးမှူးများဖြင့် ဆေးဝါးကုသပေးခြင်း၊ လိုအပ်သည့် ဆေးဝါးများကို ဝယ်ယူဖြည့်တင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိသားစုဝင်များက အကျဉ်းသားများအတွက် ဆေးဝါးများ လာရောက်ပေးအပ်ပါက အကျဉ်းထောင်ဆရာဝန်က စိစစ်လက်ခံ၍ ကြီးကြပ်မှုဖြင့် သောက်သုံးစေလျက်ရှိကြောင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းကာ လစဉ် ကျန်းမာရေး စစ်ဆေးကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပြီး လိုအပ်ပါက ပြည်သူ့ဆေးရုံကြီးများသို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ပြသကုသပေးလျက်ရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page က ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

လင်းလင်း

---

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm
၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm
၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm
၄။ Myawady Webportal
https://myawady.net.mm
၅။ Myanmar National Portal
https://myanmar.gov.mm

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသီသီထွန်း ပါမောက္ခ(ဌာနမှူး) အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်

ယနေ့ပို့ချချက်ဟာ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုမယ့် ကျောင်းသား ကျောင်းသူတွေအတွက် အင်္ဂလိပ်စာ မေးခွန်းပုံစံဆိုင်ရာ သိမှတ်ဖွယ်ရာများဖြစ်ပါတယ်။ အင်္ဂလိပ်စာဘာသာရပ် Grade 12 ပြဋ္ဌာန်းစာအုပ်မှာ Unit ၁၂ ခု ပါရှိပြီး Unit ၃ ခုပြီးတိုင်း ပြီးခဲ့တဲ့ Unit များနဲ့ ဆက်စပ်တဲ့ revision exercise နဲ့ ကဗျာသင်ခန်းစာတို့ ပါဝင်ပါတယ်။

Grade 12 ပြဋ္ဌာန်းစာအုပ်မှာ reading, vocabulary, grammar, listening and speaking နဲ့ writing ဆိုတဲ့ အပိုင်း ၅ ပိုင်း ပါရှိပါတယ်။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာ ဘာသာရပ်မေးခွန်းမှာ မေးခွန်းပုဒ်ရေ စုစုပေါင်း ၉ ပုဒ် မေးမှာဖြစ်ပါတယ်။ အဲ့ဒီ မေးခွန်းတွေရဲ့ အများစုဟာ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီးမေးမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၁** ကတော့ **Complete the sentences with the appropriate words. The initial letters are given.** ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီး မေးခွန်းငယ် ၁၀ ခုမေးထားတာဖြစ်ပါတယ်။ ဝါကျတွေမှာရှိတဲ့ ကွက်လပ်လေးတွေကို သင့်လျော်တဲ့ စကားလုံးနဲ့ ဖြည့်ပေးရမှာပါ။ အဲ့ဒီစကားလုံးရဲ့ အစ alphabet ကို ပေးထားပါတယ်။

ဥပမာ –

As the instructions were not clear enough, the players got c------------. လို့ ပေးထားရင် သင့်လျော်တဲ့စကားလုံးဖြစ်တဲ့ confused ကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာမလိုပါဘူး။ အဖြေပဲရေးပေးရမှာ ဖြစ်ပါတယ်။ ဒီလိုပုံစံ မေးခွန်းဟာဆိုရင် ကျောင်းသား ကျောင်းသူတွေရဲ့ စကားလုံး အနက်အဓိပ္ပာယ် သေသေချာချာ သိရှိနားလည်မှုနဲ့ မှန်ကန်တဲ့စကားလုံး သုံးနှုန်းနိုင်မှုတို့ကို စစ်ဆေးခြင်းပဲ ဖြစ်ပါတယ်။

နောက်တစ်ခုဖြစ်တဲ့ **မေးခွန်းနံပါတ် ၂** ကတော့ **Choose the appropriate words or phrases to complete the sentences.** ဖြစ်ပါတယ်။ ကွက်လပ်ပါတဲ့ မေးခွန်း ၁၀ ခုနဲ့ မေးထားပါတယ်။ မေးခွန်းတစ်ခုစီမှာ ပေးထားတဲ့ စကားလုံး(၃)လုံးထဲကနေပြီး အဲ့ဒီဝါကျအတွက် မှန်ကန်တဲ့ စကားလုံးကို ရွေးချယ်ရမှာဖြစ်တယ်။

ဥပမာ –

In this age of technology, some people are still using ------------ methods of farming. ဆိုတဲ့မေးခွန်းမှာ (A) exotic (B) primitive (C) classical လို့ပေးထားရင် အဖြေမှန်ဟာ (B) primitive ဖြစ်ရပါမယ်။

နောက်ဥပမာတစ်ခုဖြစ်တဲ့

My mother asked me ------------ dinner for the family. ဆိုတဲ့မေးခွန်းမှာ (A) to prepare (B) prepare (C) preparing လို့ ပေးထားရင် သဒ္ဒါအရ မှန်တဲ့အဖြေဟာ (A) to prepare ဖြစ်ရပါမယ်။ ဒီမေးခွန်းများဟာ ကျောင်းသား ကျောင်းသူများရဲ့ စကားလုံးအဓိပ္ပာယ် သိရှိမှု၊ သဒ္ဒါမှန်မှန်ကန်ကန် သုံးစွဲနိုင်မှုရှိမရှိကို စစ်ဆေးတဲ့မေးခွန်း ဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၃** အနေနဲ့ကတော့ **Stylistic Transformation ဖြစ်တဲ့အတွက် Rewrite the sentences according to the instructions given in brackets.** လို့မေးထားတယ်။ ဝါကျ ၁၀ ကြောင်းကို ဝါကျတွေရဲ့နောက်မှာ ကွင်းထဲမှာပေးထားတဲ့ ညွှန်ကြားချက်အတိုင်း အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ အထက်တန်းအဆင့် Grade 10၊ Grade 11 နဲ့ Grade 12 ပြဋ္ဌာန်းစာအုပ်တွေမှာရှိတဲ့ ဝါကျပုံစံတွေကို အခြေခံတဲ့ လေ့ကျင့်ခန်းများများ လေ့ကျင့်ထားရင် ဒီမေးခွန်းကို ကောင်းကောင်းဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ဥပမာ –

He runs and jumps like he has superpowers. (Use ‘as if/ as though’.) လို့မေးလာခဲ့ရင် He runs and jumps as if he had superpowers. လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၄** မှာ အပိုင်း ၂ ပိုင်း ပါရှိပါတယ်။ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာတွေ ကျေကျေညက်ညက် လေ့လာထားခြင်း ရှိ၊ မရှိ စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

**IV. (A)** ကတော့ **Write the appropriate words or groups of words to complete the lines of verse.** လို့ မေးထားပါတယ်။ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ ကဗျာတွေထဲက စာကြောင်း ၂ ကြောင်း ပေးထားပြီး အဲ့ဒီစာကြောင်းထဲမှာရှိတဲ့ ကွက်လပ်ကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေအနေနဲ့ သင်ယူထားတဲ့ ကဗျာတွေကို လေ့လာကျက်မှတ်ထားရင် ဖြေဆိုဖို့ လွယ်ကူတဲ့ မေးခွန်းဖြစ်ပါတယ်။ ကွက်လပ်ကို ဖြည့်ရာမှာလည်း တိတိကျကျ ပြန်လည်ဖော်ပြဖို့နဲ့ စာလုံးပေါင်း မှားယွင်းမှုမရှိအောင် သတိထားကြဖို့ လိုတယ်။

ဥပမာ –

You cannot tell -----------

By the way the building looks.

လို့ မေးရင် its magic လို့ ဖြေပေးရမှာဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာ မလိုပါဘူး။

**IV. (B)** ကတော့ **Answer the questions in complete sentences.** ဖြစ်ပြီး မေးခွန်း ၅ ခုကို အဓိပ္ပာယ်ပြည့်စုံတဲ့ ဝါကျနဲ့ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်ငယ် ၆ မှ ၉ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ reading passage မှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးထားမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ်ငယ် ၁၀ ကတော့ ပြဋ္ဌာန်းစာအုပ်ရှိ ကဗျာမှာပါတဲ့ စာကြောင်း ၂ ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်း အဓိပ္ပာယ်ကို ရေးခိုင်းတာဖြစ်တယ်။

ဥပမာ –

Who are the most responsible persons for imparting good manners to children? လို့ မေးရင် The most responsible persons for imparting good manners to children are all the elders of the present generation. လို့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုရာမှာ အချက်အလက်ပြည့်စုံပြီး သဒ္ဒါမှန်ကန်ဖို့ သတိထားရပါမယ်။

မေးခွန်းနံပါတ်ငယ် ၁၀ အတွက် ဥပမာ တစ်ခုကတော့

I took the one less traveled by,

And that has made all the difference. လို့ ကဗျာစာကြောင်း ၂ ကြောင်းကို ပေးထားတယ်ဆိုရင် အဲ့ဒီ ၂ ကြောင်းကို စကားပြေပြန်ပေးရမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့ အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ ဆိုလိုရင်းအဓိပ္ပာယ်နဲ့ သဒ္ဒါပါမှန်ကန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံမှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၅** ကတော့ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာတွေထဲက ကျောင်းသား ကျောင်းသူများ လေ့လာထားပြီးဖြစ်တဲ့ စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) တစ်ပိုဒ်ထက် ပိုတဲ့စာပိုဒ်များကို ပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုးအစား ၂ မျိုးနဲ့ မေးမှာဖြစ်ပါတယ်။

**V. (A)** က **Write the correct word or words to complete each sentence.** ဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ဝါကျ ၅ ကြောင်း ပေးထားပြီး ဝါကျတွေမှာပါရှိတဲ့ ကွက်လပ် ၁ ခုစီမှာ စကားလုံး တစ်လုံး ဒါမှမဟုတ် စကားစုတစ်စု ဖြည့်ရမှာဖြစ်တယ်။ သတိပြုရမှာက ပေးထားတဲ့ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ စာပိုဒ်ထဲမှာ “Treating everyone with kindness is another key element of happiness. Acts of kindness have the potential to make the world a happier place.” လို့ပေးထားပြီး

Treating everyone with kindness is another key element to make yourself ------. လို့မေးလာရင် ပေးထားတဲ့အတိုင်း ပြန်ကူးချလို့မရပါဘူး။ စာပိုဒ်ထဲက ဝါကျဟာ noun phrase ဖြစ်နေပြီး မေးထားတဲ့ ဝါကျမှာဖြေရမယ့်အဖြေဟာ adjective ဖြစ်နေပါတယ်။ ဒီအတွက်ကြောင့် အဖြေဟာ ‘happier’ ဖြစ်တယ်။

**V. (B)** ကတော့ **Answer each question in one sentence.** ဖြစ်ပါတယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်း ၅ ခုကို မေးမှာဖြစ်ပြီး ပေးထားတဲ့ စာပိုဒ်ထဲက အဖြေရှာပြီး မေးခွန်းတစ်ခုစီကို ပြည့်စုံတဲ့ဝါကျတစ်ကြောင်းစီနဲ့ ဖြေပေးရမှာဖြစ်တယ်။ အမှတ်ပြည့် ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့ အချက်အလက် (fact) ရော၊ သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် လေ့ကျင့်ထားဖို့လိုတယ်။

ဥပမာ စာပိုဒ်ထဲမှာ “The biggest barrier to happiness is envy, which is a state of desiring other people’s qualities, possessions, opportunities, etc.” လို့ပေးထားပြီး

What is envy? လို့မေးထားရင် အဖြေက “Envy is a state of desiring other people’s qualities, possessions, opportunities, etc.” လို့ ဖြေဆိုပေးရမှာဖြစ်ပါတယ်။ အရေးကြီးတာကတော့ ဆီလျော်မှန်ကန်တဲ့ အဖြေဖြစ်ရမယ်။ သင်ရိုးညွှန်းတမ်းပါ စာပိုဒ်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်းပုံစံအမျိုးမျိုးကို အဓိပ္ပာယ်ရှိရှိ မှန်မှန်ကန်ကန် ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချတာမျိုးလည်း မပြုလုပ်ကြဖို့ သတိပြုစေချင်တယ်။

**မေးခွန်းနံပါတ် ၆** ကတော့ unseen reading passage ပေးထားပြီး စာပိုဒ်တစ်ပိုဒ်(သို့မဟုတ်)တစ်ပိုဒ်ထက်ပိုတဲ့စာပိုဒ်များကိုပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုးအစား ၂ မျိုးနဲ့ မေးမှာဖြစ်ပါတယ်။

**VI. A** ကတော့ **Find the bold–faced words in the passage that are similar in meaning to the following. There is an extra.** ဖြစ်တယ်။ ပေးထားတဲ့ စာပိုဒ်မှာ bold လုပ်ထားတဲ့ စကားလုံး ခြောက်လုံးပါမှာ ဖြစ်တယ်။ အဲ့ဒီစကားလုံးလေးတွေနဲ့ အဓိပ္ပာယ်တူ စကားလုံး (သို့မဟုတ်) စကားစုငါးခု ပေးထားတဲ့အတွက် စကားလုံး တစ်လုံး အပိုပါတာကို သတိပြုရမှာဖြစ်ပါတယ်။ ဥပမာ– sufficient or satisfactory လို့မေးထားခဲ့လျှင် စာပိုဒ်ရှိ bold လုပ်ထားတဲ့ အဓိပ္ပာယ်တူစကားလုံးကို ရှာပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမေးခွန်းရဲ့အဖြေမှန် adequate ကို ရေးပေးရမှာဖြစ်ပါတယ်။

**VI. B** ကတော့ **Answer the following questions. Give complete answers.** ပဲ ဖြစ်ပါတယ်။ What is the main idea of the passage? လို့မေးရင် စာပိုဒ်တစ်ခုလုံးရဲ့ အဓိကအကြောင်းရင်းကို မေးတာဖြစ်လို့ The main idea of the passage is that nonverbal communication depends on culture and gender. လို့ဖြေပေးရမှာဖြစ်ပါတယ်။ ဒီလိုမေးခွန်းမျိုးက ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီး နားလည်နိုင်တဲ့စွမ်းရည်ကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲက အကြောင်းအရာကို တိုက်ရိုက်မမေးဘဲ အားလုံးကို ယေဘုယျခြုံပြီး မေးတဲ့ မေးခွန်းမျိုးဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၇** ကတော့ အပိုင်း ၂ ပိုင်းပါရှိပါတယ်။ ပထမပိုင်းကတော့ Grade 10, Grade 11, Grade 12 တွေမှာပါတဲ့ Listening အပိုင်းကို အခြေခံပြီး မေးမှာဖြစ်ပါတယ်။

**VII. (A)** ကတော့ **Complete the dialogue with the expressions given in the box. There is an extra.** လို့ ပေးထားမှာဖြစ်ပါတယ်။ ပေးထားတဲ့ expression ခြောက်ခုကိုသုံးပြီး ကွက်လပ်ငါးခုကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ expression တစ်ခုပိုပေးထားပါတယ်။

ဥပမာ–

Thurein : Khant Khant! How are things? Long time no see.

Khant Khant : Hey, Thurein! ----------- လို့ ပေးထားလျှင် အဖြေဟာ box ထဲမှာရှိတဲ့ expression ၆ ခုထဲက ဆီလျော်တဲ့ It’s been a while since we last met. လို့ ဖြေပေးရပါမယ်။

**VII. (B)** ကတော့ **Complete the exchanges using the expressions given in the box. There is an extra.** လို့ပေးထားမှာဖြစ်တယ်။ ဒီအပိုင်းကတော့ unseen မေးခွန်းဖြစ်ပြီး ကျောင်းသားကျောင်းသူတွေရဲ့ အပြောစွမ်းရည်ကို စစ်ဆေးတဲ့အပိုင်းဖြစ်သလို Language function နားလည်အသုံးပြုနိုင်မှုကိုလည်း စစ်ဆေးတဲ့ အပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းမှာလဲ expression တစ်ခု ပိုပေးထားပါတယ်။

**မေးခွန်းနံပါတ် ၈** ကတော့ Letter writing ဖြစ်ပြီး **Choose a situation given below and write a letter. Do not write more than 300 words.** လို့မေးမှာဖြစ်တယ်။ Grade 10, Grade 11 နဲ့ Grade 12 စာအုပ်တွေမှာပါတဲ့ **formal letter** နဲ့ **informal letter** များကို အခြေခံပြီး လေ့ကျင့်ထားဖို့လိုပါတယ်။ ပေးထားတဲ့မေးခွန်း ၂ ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ကိုရွေးပြီး စာလုံးရေ ၃၀၀ ထက်မပိုအောင် ရေးသားဖြေဆိုရမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့်အချက်တွေကတော့ ပေးထားတဲ့ညွှန်ကြားချက်ကို သေချာဖတ်ဖို့ပဲဖြစ်ပါတယ်။ ဒီနေရာမှာ ပထမအချက်အနေနဲ့ စာရေးသူ (Addresser)နဲ့

**စာမျက်နှာ ၁၇ သို့** »»

# ဆရာတော်ဦးဂုဏသာရ၏ နှစ်(၄၀)ပြည့် ဝိဇာတမွေးနေ့မင်္ဂလာနှင့် စာပေဗိမာန်စာမူဆုရ ဆရာတော်တို့အား ဂုဏ်ပြုပူဇော်ပွဲကျင်းပ



မြန်အောင် ဖေဖော်ဝါရီ ၂၄

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ် ရွာတောကျေးရွာ အောင်သိဒ္ဓိအုန်းလက်ကျောင်းတိုက် ဆရာတော် ဦးဂုဏသာရ၏ နှစ်(၄၀)ပြည့် မွေးနေ့ အလှူတော်မင်္ဂလာနှင့် ဆရာတော်အား မြန်မာနိုင်ငံ စာရေးဆရာ အသင်းဝင်လက်မှတ် ဆက်ကပ်ခြင်း၊ ၂၀၂၃ ခုနှစ် အတွက် စာပေဗိမာန်စာမူဆု (ကလေးစာပေ ပထမဆု)ရရှိသည့် ဆရာတော် ဦးဝိလာသ (စာရေးဆရာ ကနောင်နိုင်နွယ်ဦး)အား ထပ်ဆင့် ဂုဏ်ပြုပူဇော်ပွဲကို ယမန်နေ့က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ဦးစွာ ကြွရောက်တော်မူကြသည့် ဆရာတော်များနှင့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ မြန်အောင်မြို့ ဝေဠုဝန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ စာရိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ စာရေးဆရာ ကနောင်နိုင်နွယ်ဦးက မွေးနေ့ရှင် ဆရာတော် ဦးဂုဏသာရ (စာရေးဆရာ မောင်ဂုဏ်ရှင်) အား ဂုဏ်ပြု၍ ရေးစပ်ပူဇော်သည့် ပိုဒ်စုံရတုကို အဆိုတော် ချစ်ဟန်နီဇော်က ဖတ်ကြားပူဇော်သည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက်မွေးနေ့ရှင်ဆရာတော်အား မြန်မာနိုင်ငံစာရေးဆရာအသင်းက ဆက်ကပ်သည့် စာရေးဆရာ အသိအမှတ်ပြုကတ်ပြားကို မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးနေဝင်းက ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ်အတွက် လမင်းမျက်နှာပန်းမျက်နှာ ကဗျာပေါင်းချုပ် စာအုပ်ဖြင့် စာပေဗိမာန် ကလေးကဗျာ ပထမဆုရ ဆရာတော် ဦးဝိလာသ (စာရေးဆရာ ကနောင်နိုင်နွယ်ဦး) အား မြန်အောင်မြို့နယ် စာရေးဆရာအသင်းက ဆက်ကပ်သည့် ဂုဏ်ပြုလက်မှတ်ကို အမျိုးသားစာပေဆုရ စာရေးဆရာကြီး ဦးသန်းညွန့် (ဇင်မင်း-သမိန်ထော)က ဆက်ကပ်လှူဒါန်းသည်။

**မြို့နယ်(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာချက်**

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့် လျှောက်ထားကြသော ကျောင်းသား/သူများ သိရှိရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

(က) တိုင်းဒေသကြီး/ပြည်နယ်များရှိ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား/သူများသည် မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲ ဖြေဆိုခွင့် ကတ်ပြား (Identity Card) များကို ၂၀၂၅-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် ကြာသပတေးနေ့မှစ၍ ထုတ်ယူကြရပါမည်။

(ခ) အခြေခံပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ) နှင့် (တွဲဖက်) အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား/ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card)များကို မိမိတို့ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရပါမည်။

(ဂ) ပြင်ပမှဖြေဆိုသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card)များကို မိမိတို့ဖြေဆိုရမည့်စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှ ထုတ်ယူကြရပါမည်။

၂။ ကျောင်းသား/ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card)များ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**ရက်စွဲ။ ၂၀၂၅-ခုနှစ်၊ ဖေဖော်ဝါရီလ( ၂၅ )ရက်။**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သတင်းစာဆရာများ တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သတင်းစာဆရာများ တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ် သွေးဆေးကန်အနောက်ဘက်ရှိ ကြီးငါးကြီးဆုတောင်းပြည့်ဘုရားရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ဦးတင်ဝင်း (တင်ဝင်းလေး-ကြည့်မြင်တိုင်)က တက်ရောက်လာသည့် သတင်းမီဒီယာကောင်စီဝင်များနှင့် သတင်းစာဆရာများအား မိတ်ဆက်ပေးခဲ့သည်။

ဆက်လက်၍ သတင်းစာဆရာဦးထွန်းရင် (မျိုးထွန်းငြိမ်း)က မုဒိတာစကားပြောကြားပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်ကျော်ဒင်က လက်ရှိမြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ဆောင်ရွက်နေမှုများနှင့် ရှေ့ဆောင်ရွက်မည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့်သတင်းစာဆရာများက သိလိုသည်များကိုမေးမြန်းရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်ကျော်ဒင်က ပြန်လည်ဖြေကြားပေးခဲ့ပြီး တင်ဝင်းလေး(ကြည့်မြင်တိုင်)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ကြေးမုံ**



»»» စာမျက်နှာ ၁၆ မှ

စာလက်ခံရရှိမယ့်သူ (Addressee)တွေကို သေသေချာချာ သတိထားပြီး ပေးထားတဲ့ နာမည်နဲ့လိပ်စာကိုသာ ရေးရမှာဖြစ်တယ်။ ဒုတိယအချက်အနေနဲ့ ဘာအကြောင်းအရာရေးရမလဲဆိုတာ ဖတ်ပါ။ ရေးခိုင်းတဲ့အကြောင်းအရာ ဘယ်နှခုလဲဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။

ဥပမာ -

You are Zaw Htet Aung. You live at No. 7, Min Road, Pyay. Write a letter to your uncle, telling him about the new English coursebook you study this year and how interesting and useful it is.

ဆိုတဲ့မေးခွန်းကိုကြည့်ရင် addresser က Zaw Htet Aung ဖြစ်ပြီး addressee က his uncle ဖြစ်ပါတယ်။ အကြောင်းအရာအနေနဲ့ အချက်နှစ်ချက် ပါပါတယ်။ ပထမအချက်က the new English coursebook you study this year အကြောင်းကို ရေးသားရမှာဖြစ်ပြီး ဒုတိယအချက်အနေနှင့် how interesting and useful it is လို့ မေးထားတဲ့အတွက် the new English coursebook အကြောင်းကို ပထမဦးစွာ ပြောပြရမှာဖြစ်ပြီး ဘယ်လောက်ထိ စိတ်ဝင်စားစရာကောင်းတယ်၊ ဘယ်လိုအသုံးဝင်တယ်ဆိုတာ ရေးသားရမှာဖြစ်ပါတယ်။ အချက်နှစ်ချက်လုံးကို တိတိကျကျ ဆီလျော်မှုရှိအောင်ရေးမှ အမှတ်ကောင်းကောင်းရမှာဖြစ်ပါတယ်။ မေးခွန်းမှာမေးထားတဲ့ အကြောင်းအရာနှင့် ဆီလျော်မှုမရှိဘဲ ကျက်မှတ်ထားသမျှ ရေးမယ်ဆိုရင် မေးထားတာနဲ့ မဆီလျော်လို့ အမှတ်မရနိုင်ပါဘူး။

**မေးခွန်းနံပါတ် ၉** ကတော့ essay ဖြစ်ပြီး **Write an essay on ONE of the following. Do not write more than 500 words.** ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ် ၃ ခုထဲက မိမိအပိုင်နိုင်ဆုံး ခေါင်းစဉ်တစ်ခုကိုရွေးပြီး ရေးရမှာဖြစ်ပါတယ်။

ဥပမာ -

My views on the benefits of learning a foreign language

ဆိုတဲ့ စာစီစာကုံးမှာ foreign language လေ့လာခြင်းရဲ့ အကျိုးကျေးဇူးများကို မိမိရဲ့အမြင်နဲ့ တင်ပြရေးသားရမှာ ဖြစ်ပါတယ်။ အဲဒီလိုမှသာ မေးထားတဲ့မေးခွန်းကို ထိထိမိမိဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးတဲ့အခါမှာ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေရှိပါတယ်။ ပထမဆုံးအနေနဲ့ Content and Relevancy ကို စဉ်းစားရမှာပါ။ မိမိရေးရမယ့် အကြောင်းအရာနှင့် ဆီလျော်တာကို ရေးရမှာဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးရင် အမှတ်ရမှာ မဟုတ်ပါဘူး။ ရေးရမယ့်အကြောင်းအရာနှင့် စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံရေးနိုင်ဖို့ လိုပါတယ်။ ဒုတိယအချက်ကတော့ Organization and Presentation ဖြစ်တဲ့ ဖွဲ့စည်းပုံကောင်းခြင်းနှင့် တင်ပြပုံကောင်းခြင်းကို စဉ်းစားရမှာပါ။ အကြောင်းအရာ အချက်အလက်တွေကို အချိတ်အဆက်မိမိနဲ့ နိဒါန်း၊ စာကိုယ်၊ နိဂုံးမှာ အစီအစဉ်ကျကျ ရေးနိုင်ရမယ်။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူစိတ်ဝင်စားလာအောင်လည်း ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရမယ်။ နောက်တစ်ချက်ကတော့ Language အပိုင်းမှာပါတဲ့ စကားလုံးအသုံးအနှုန်းနှင့် သဒ္ဒါမှန်ကန်ခြင်းကို စဉ်းစားရပါမယ်။ စကားလုံးများကိုသုံးရာတွင် လှလှပပနှင့် မှန်မှန်ကန်ကန်သုံးနိုင်ပြီး ဝါကျတွေကိုလည်း ပုံစံအမျိုးမျိုးနဲ့ ဖွဲ့နွဲ့ရေးသားနိုင်ရမယ်။ စာလုံးရေ ကန့်သတ်ထားတဲ့အတွက် စကားလုံးဖောင်းပွခြင်းမရှိဘဲ ကျစ်လျစ်တဲ့ အရေးအသားဖြစ်စေဖို့ သတိပြုရမှာဖြစ်ပါတယ်။

ပေးစာနဲ့စာစီစာကုံးရေးရာမှာ ထပ်မံသတိပေးလိုတာကတော့ စာလုံးရေကန့်သတ်ထားတာကို သတိရှိဖို့ပါပဲ။ ဆီလျော်မှုရှိတဲ့ ပေးစာတွေ၊ စာစီစာကုံးတွေကို ကျစ်ကျစ်လျစ်လျစ် ထိထိမိမိ၊ သဒ္ဒါမှန်မှန်ရေးဖို့ ရည်ရွယ်ချက်နဲ့ စာလုံးရေ ကန့်သတ်ထားတာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် စာမရေးခင်မှာ မိမိရေးသားမယ့်အကြောင်းအရာကို သေသေချာချာ အစီအစဉ်ချပြီးမှ ရေးသင့်တယ်။ ဒါမှသာ မေးထားတဲ့အချက်တွေ အားလုံးကို ထည့်သွင်းရေးသားနိုင်ပြီး အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမယ့် ကျောင်းသားကျောင်းသူတွေကို အထူးမှာချင်တာကတော့ သင်ခန်းစာအားလုံးကို သေသေချာချာ လေ့လာမှတ်သားဖို့၊ စကားလုံးတွေ၊ ဝေါဟာရတွေရဲ့ အဓိပ္ပာယ်တွေအပြင် သူတို့ကို ဘယ်လိုအသုံးပြုတယ်ဆိုတာကိုပါ သိရှိအောင် လေ့လာဖို့၊ reading comprehension တွေကို ဘယ်လိုဖြေဆိုရမယ်ဆိုတာ သိရှိအောင် လေ့ကျင့်ထားဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက၊ အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ပေးစာနဲ့ စာစီစာကုံးတွေကိုလည်း သတ်မှတ်ထားတဲ့ စကားလုံးအရေအတွက်အတွင်းမှာ ကျစ်ကျစ်လျစ်လျစ်နဲ့ ဆီလျော်မှန်ကန်အောင် ရေးတတ်ဖို့လည်း လေ့ကျင့်ကြပါလို့ မှာကြားလိုပါတယ်။

ကျောင်းသား ကျောင်းသူများအားလုံး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာနဲ့ အခက်အခဲမရှိ ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

❐

## UNIT-7

# Let's Write in English daily, young ones.
# လူငယ်တွေ ... အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် ...

### ကျောင်းသားနှင့် ဝါသနာ

ဝါသနာသည် လူတစ်ဦး၏ ဘဝအရည်အသွေးကို မြှင့်တင်ပေးနိုင်သော အရေးပါသည့်အစိတ်အပိုင်းဖြစ်ပါသည်။ အချိန်ကို အကျိုးရှိစွာ အသုံးပြုစေခြင်း၊ စိတ်ဖိစီးမှုကို လျှော့ချပေးခြင်း၊ အပြုသဘောဆောင်သောအတွေးများကို မြှင့်တင်ပေးခြင်း၊ မိမိကိုယ်ကို ယုံကြည်မှုနှင့် တန်ဖိုးထားမှုကို မြှင့်တင်ပေးခြင်း၊ လူမှုဆက်ဆံရေးကို ကောင်းမွန်စေခြင်းတို့သည် ဝါသနာလိုက်စားခြင်း၏ အဓိကအကျိုးကျေးဇူးများပင် ဖြစ်ပါသည်။

ဝါသနာတစ်ခုကို အသက်မွေးဝမ်းကျောင်းအဖြစ် ပြောင်းလဲနိုင်ခြင်းသည်လည်း ဝါသနာ၏ အရေးပါသောကဏ္ဍတစ်ခုဖြစ်သည်။ အားကစား၊ စာရေးခြင်း၊ ပန်းချီဆွဲခြင်း၊ ဂီတတူရိယာတီးခတ်ခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ သရုပ်ဆောင်ခြင်းတို့သည် အသက်မွေးဝမ်းကျောင်းအဖြစ် ပြောင်းလဲနိုင်သော ဝါသနာများ၏ ဥပမာများဖြစ်သည်။ အားကစားကို ဝါသနာပါသူတစ်ဦးသည် အားကစားသမားဘဝဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်သကဲ့သို့ စာရေးခြင်းကို ဝါသနာပါသူတစ်ဦးသည် စာရေးဆရာ သို့မဟုတ် ဂျာနယ်လစ်အဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်ပါသည်။

ဝါသနာသည် လူတစ်ဦး၏ စိတ်ဝင်စားမှုနှင့် အလားအလာများကို ဖော်ထုတ်ရန် အခွင့်အလမ်းများပေးပါသည်။ ဝါသနာထုံရာတစ်ခုခုကို လုပ်ကိုင်ခြင်းဖြင့် မိမိကိုယ်ကို ပိုမိုသိရှိလာပြီး စွမ်းရည်များကိုလည်း တိုးတက်စေပါသည်။ ထို့အပြင် ဝါသနာသည် ပျော်ရွှင်မှု၊ စိတ်ကျေနပ်မှုနှင့် စိတ်ဖိစီးမှုလျှော့ချခြင်းတို့ကို ပေးစွမ်းနိုင်ပါသည်။ ထို့အပြင် ဝါသနာများသည် လူမှုဆက်ဆံရေးကို ကောင်းမွန်စေပြီး အသစ်အဆန်းများကို လေ့လာသင်ယူရန် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးပါသည်။

ဝါသနာသည် လူတစ်ဦး၏ ကိုယ်ရေးကိုယ်တာ တိုးတက်မှုအတွက် အလွန်အရေးကြီးရုံသာမက လူတစ်ဦး၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုလည်း အထောက်အကူပြုပါသည်။ ဥပမာအားဖြင့် အားကစားကို ဝါသနာပါသူများသည် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကို ကောင်းမွန်စေနိုင်ပြီး ပန်းချီဆွဲခြင်း သို့မဟုတ် ဂီတတူရိယာတီးခတ်ခြင်းကို ဝါသနာပါသူများသည် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို ကောင်းမွန်စေနိုင်ပါသည်။ ထို့ကြောင့် ဝါသနာသည် လူတစ်ဦး၏ဘဝကို ပြည့်စုံစေပြီး ပျော်ရွှင်စေနိုင်သော အရေးပါသည့်အရာတစ်ခုဖြစ်ပါသည်။

**English Sentences:**

**"His primary hobby is collecting antique coins."** (Focusing on a specific hobby)

သူ၏ အဓိကဝါသနာမှာ ရှေးဟောင်းဒင်္ဂါးများ စုဆောင်းခြင်း ဖြစ်ပါသည်။

**"She pursued her passion for painting and became a successful artist."** (Highlighting passion leading to success)

သူသည် ပန်းချီရေးဆွဲခြင်းဝါသနာကို အားပေးမြှင့်တင်ပြီး အောင်မြင်သော အနုပညာရှင်တစ်ဦး ဖြစ်လာခဲ့ပါသည်။

**"It is important to cultivate a hobby to relieve stress."** (Emphasizing the benefits of hobbies)


စိတ်ဖိစီးမှုကိုလျှော့ချရန် ဝါသနာတစ်ခုကို လိုက်စားခြင်းသည် အရေးကြီးပါသည်။

**"They share a mutual interest in birdwatching."** (Using a synonym, "interest", but conveying the meaning of a shared hobby)

သူတို့သည် ငှက်ကြည့်ခြင်းဝါသနာကို အတူတကွ ခံစားကြပါသည်။

**"My passion for reading has greatly enriched my life."** (Expressing the personal value of a hobby)

စာဖတ်ခြင်းဝါသနာသည် ကျွန်ုပ်၏ဘဝကို များစွာ ကြွယ်ဝစေပါသည်။



စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)

**Paragraphing**

"It is important to cultivate a hobby to relieve stress. His primary hobby is collecting antique coins. Hobbies can take many forms, and she pursued her passion for painting and became a successful artist. Hobbies can even lead to a fulfilling career. Beyond personal fulfillment, they share a mutual interest in birdwatching. Ultimately, my passion for reading has greatly enriched my life. Hobbies have the power to bring joy, relaxation, and a deeper sense of purpose to our lives."

**Why Hobbies Matter:**

- **Original:** Hobbies help reduce stress.
  **Simple:** Hobbies reduce stress and help your mind.
- **Original:** Someone enjoys collecting old coins.
  **Simple:** Collecting old coins is a fun hobby.
- **Original:** Hobbies are diverse, like painting.
  **Simple:** Many hobbies exist, such as painting.
- **Original:** Hobbies can become careers.
  **Simple:** Hobbies can turn into jobs.
- **Original:** Hobbies connect people, like birdwatching.
  **Simple:** Hobbies help people connect, like birdwatching together.
- **Original:** Reading has enriched my life.
  **Simple:** Reading makes my life better.
- **Original:** Hobbies bring joy and purpose.
  **Simple:** Hobbies make life happy and meaningful.

# သဒ္ဒါနည်းအမှားများ

လှသမိန်

(၁၈-၂-၂၀၂၅ ရက်နေ့မှအဆက်)

### အတွက်

၁၇။ **အမှား။** မိန်းကလေးသည် နောင်ရေး**ကို** ပူပန်၏။
**အမှန်။** မိန်းကလေးသည် နောင်ရေး**အတွက်** ပူပန်၏။
**အကြောင်းပြ။** (ပူပန်)ဟူသော -ကြိယာသည် (နောင်ရေး)ကို ကံအဖြစ် မဆက်စပ်ချေ။ (နောင်ရေး)ကိုမျှော်၏၊ တွေး၏။ စဉ်းစား၏ဟူ၍ တိုက်ရိုက်သုံးနိုင်သည်။ သို့ရာတွင် ပူပန်ခြင်းသည် စိတ်၏ခံစားမှုမျှဖြစ်၍ (နောင်ရေး)နှင့် တိုက်ရိုက်မစပ်ဆိုင်၊ အကြောင်းအခြေပြုရာအဖြစ်သာ ဆက်စပ်၏။ ထို့ကြောင့် (အတွက်)က ပို၍ဆီလျော်လေသည်။

### အား

၁၈။ **အမှား။** ကျောင်းသားသည် စာအုပ်**အား** ဆရာ**ကို**ပေး၏။
**အမှန်။** ကျောင်းသားသည် စာအုပ်**ကို** ဆရာ**အား**ပေး၏။
**အကြောင်းပြ။** တိုက်ရိုက်ဆက်စပ်သောကံပုဒ်အတွက် (ကို)ကို သုံး၍၊ အဖြည့်အပိုဖြစ်သော ဒုတိယကံပုဒ်အတွက် (အား)ကို သုံးရသည်။ ကံပုဒ်တစ်ခုတည်းရှိလျှင် (ကို)ကိုသာ အသုံးပြုလေ့ရှိသည်။

### နှင့်

၁၉။ **အမှား။** ဘောင်းဘီ**ဖြင့်** လူကို မှတ်မိ၏။
**အမှန်။** ဘောင်းဘီ**နှင့်** လူကို မှတ်မိ၏။
**အကြောင်းပြ။** တကွဖြစ်သော၊ တကွပါသောအရာတို့တွင်(နှင့်)ကိုသာ သုံးရသည်။
မျက်မှန်နှင့်လူ၊
အဖုံးနှင့် ပုလင်း၊
သကြားနှင့်နယ်၊
စသည်တို့တွင်(နှင့်)ကိုသာ သုံးရသည်။

### ဖြင့်

၂၀။ **အမှား။** သူသည် ပြည်သို့ မီးရထား**နှင့်** သွားသည်။
**အမှန်။** သူသည် ပြည်သို့ မီးရထား**ဖြင့်** သွားသည်။
**အကြောင်းပြ။** အားကိုးအမှီအဖြစ်၊ လက်စွဲအသုံးချပစ္စည်းအဖြစ်၊ အထောက်အခံ အကူအညီအဖြစ် သုံးစွဲသောပုဒ်များ အတွက် (ဖြင့်) (အားဖြင့်)ကိုသာ သုံးရသည်။
ငွေဖြင့်ဝယ်သည်။
စက်ဖြင့် တူးသည်။
တက်ဖြင့် လှော်သည်။
စသည်တို့တွင် (ဖြင့်)ကိုသုံးရသည်။
သို့ရာတွင် အားကိုးအကူအထောက်အဖြစ်ဖြင့် သုံးစွဲစေကာမူ တစ်ချိန်တည်းတွင် (တပေါင်းတကွတည်း) ကဲ့သို့ သဘောဝင်နေသည့်အခါ (နှင့်)ကိုလည်း သုံးကြပြန်သည်။ ထို့ကြောင့် (နှင့်)နှင့် (ဖြင့်)အသုံးများ ရောထွေးရတတ်သည်။
လက်အိတ်ဖြင့် ကိုင်သည်၊ လက်အိတ်နှင့် ကိုင်သည်။
ရေဖြင့် နယ်သည်။ ရေနှင့် နယ်သည်။
ဟူ၍ နှစ်မျိုးသုံးနိုင်ကြသည်။

### အဖြစ်

၂၁။ **အမှား။** ခင်ဗျား နံနက်စာ**ကို** စားသည့်ထမင်းသည် များသလား။
**အမှန်။** ခင်ဗျား နံနက်စာ**အဖြစ်** စားသည့်ထမင်းသည် များသလား။
**အကြောင်းပြ။** (နံနက်စာ)သည် သီးခြားကံပုဒ်လည်း မဟုတ်ချေ။ ထမင်းသည်သာ ကံပုဒ်ဖြစ်၍ (နံနက်စာ)မှာ ကံပုဒ်၏ အဖြည့်မျှသာဖြစ်သည်။ ထို့ကြောင့် (အဖြစ်)ဟူသော စကားလုံးက ပို၍ဆီလျော်သည်။

### ယင်း

၂၂။ **အမှား။** သူသည် ပုစ္ဆာဖြေဆိုချက်ကို ဆရာအားပြ၏။ **၎င်း**ကို ဆရာက စစ်ဆေးသည်။
**အမှန်။** သူသည် ပုစ္ဆာဖြေဆိုချက်ကို ဆရာအားပြ၏။ **ယင်း**ကို ဆရာက စစ်ဆေးသည်။
**အကြောင်းပြ။** ၎င်းသည်(လည်းကောင်း) ရှေးရေး(လေးကောင်း)၏ အတိုရေးနည်းပင်ဖြစ်၍ ထပ်ဆင့် စကားဆက်သာဖြစ်သည်။ နာမ်စားပုဒ်မဟုတ်ချေ။ နာမ်စားအဖြစ် (ယင်း) ကိုသာ သုံးသင့်သည်။
**မှတ်ချက်။** (၎င်း)ကို၊ သူသည်၎င်း၊ ကျွန်တော်သည်၎င်း စသည် ဖြင့်၊ ကတ္တားနှင့် ကံကို အလဲအလှယ်အားဖြင့် ဖော်ပြရာ၌သာ သုံးရသည်။

### သို့

၂၃။ **အမှား။** ဆရာဝန်ကြီးသည် လန်ဒန်**ကို** သွားသည်။
**အမှန်။** ဆရာဝန်ကြီးသည် လန်ဒန်**သို့** သွားသည်။
**အကြောင်းပြ။** သွားခြင်းကြိယာအတွက် ကံပုဒ်ပြ စကားလုံး (ကို) ကို မလိုချေ။
ရှေးရှုပြစကားလုံး (သို့) ကိုသာ သုံးသင့်သည်။

### နှင့်

၂၄။ **အမှား။** ကျွန်တော့်စာအုပ်ကိုခိုးလျှင် ဆရာကြီး**နှင့်**တိုင်မည်။
**အမှန်။** ကျွန်တော့်စာအုပ်ကိုခိုးလျှင် ဆရာကြီး**အား**တိုင်မည်။
**အကြောင်းပြ။** ဆရာကြီးသည် အတိုင်ခံရသူ ကံပုဒ်ဖြစ်၍(အား) နှင့် (ကို)ကိုသာ သုံးသင့်သည်။ (နှင့်)ကိုသုံးလျှင် ဆရာကြီးနှင့်အတူသွား၍ အခြားသူတစ်ဦးထံ တိုင်ကြားမည့် အဓိပ္ပာယ်ရောက်နေစေသည်။

### ထက်

၂၅။ **အမှား။** ဤသူငယ်မသည် ကျွန်မ**ထက်**ငယ်သည်။
**အမှန်။** ဤသူငယ်မသည် ကျွန်မ**အောက်**ငယ်သည်။
**အကြောင်းပြ။** နှိုင်းယှဉ်ရာ၌ ပိုလွန်းခြင်းမဟုတ်ဘဲ လျော့ခြင်းနည်းခြင်း၊ ငယ်ခြင်းတို့အတွက်(အောက်)ကို သုံးသင့်သည်။

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူဖော်ပြပါသည်။

# မြစ်သားမြို့နယ်၌ ကုလားပဲ(ဆောင်း)သီးနှံများ ထွက်ပေါ်၍ အကျိုးအမြတ်ရရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်း ဒေသကြီး မြစ်သားမြို့နယ် အတွင်းရှိ ကျေးရွာများသည် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကုလားပဲ(ဆောင်း)သီးနှံကိုလည်း စိုက်ပျိုးကြကြောင်း၊ မြို့နယ်အတွင်း ကုလားပဲ (ဆောင်း) စိုက်ဧကအနေဖြင့် ၃၂၇၇၅ ဧက စိုက်ပျိုးထားရှိကြောင်း ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန၏ စာရင်းများအရ သိရပြီး ယခုအချိန်တွင် ကုလားပဲ (ဆောင်း)သီးနှံများ ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။



ကုလားပဲ(ဆောင်း) သီးနှံကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလနှင့် မတ်လများတွင် ရိတ်သိမ်းထွက်ပေါ်ကြောင်း၊ V2 ကုလားပဲမျိုး၊ V7 ကုလားပဲမျိုး၊ 929 ကုလားပဲမျိုးနှင့် TW (ထိုင်ဝမ်) ကုလားပဲမျိုးများရှိပြီး V2 ကုလားပဲမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ကုလားပဲကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ နှစ်တင်းခန့်ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခြင်း၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ပုံမှန် ၁၀-၁၂ တင်းခန့်ထွက်ရှိပြီး သီးနှံဖြစ်ထွန်းအောင်မြင်၍ အထွက်နှုန်းကောင်းမွန်ပါက ၁၅-၂၀ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက မြစ်သားမြို့နှင့် ကျောက်ဆည်မြို့တို့ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။



# တံတားဦးမြို့နယ်၌ ရုံးပတီသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် စိုက်ပျိုးရလွယ်ကူသော ရုံးပတီသီးနှံကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

ရုံးပတီသီးနှံကို ရာသီမရွေးစိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုးများရှိပြီး ပင်လတ်ရုံးပတီမျိုးများကို အများဆုံး စိုက်ပျိုးလျက်ရှိရာ တစ်ဧကလျှင် မျိုးစေ့ 10 Kg ပါ တစ်ထုပ်ခန့် ကုန်ကျကြောင်း၊ တန်းခြား သုံးပေ၊ ပင်ခြား တစ်ပေ-တစ်ပေခွဲထား၍ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးရပြီး မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးနှံကို သုံးရက်ခြားတစ်ကြိမ်နှုန်းဖြင့် သက်တမ်း နှစ်လခန့်အထိ ခူးဆွတ်ရပြီး တစ်ဧကလျှင် ရုံးပတီသီး ပိဿာချိန် ၁၂၀၀-၁၃၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူပြီး ဒေသတွင်းရောင်းချမှုအပြင် ရန်ကုန်မြို့နှင့် ညောင်လေးပင်မြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ ရုံးပတီသီးနှံသည် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ဈေးကောင်းရရှိသည့်အတွက် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

# ဆိပ်ဖြူမြို့နယ်၌ ကန်စွန်းဥ(ဥစားကန်စွန်း) သီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

**မကွေး ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းရှိကျေးရွာများတွင် ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် ကန်စွန်းဥ(ဥစားကန်စွန်း) သီးနှံများကို ကိုင်းကျွန်းနှင့် သဲနုန်းမြေများတွင် အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ ကန်စွန်းဥ (ဥစားကန်စွန်း) စိုက်ခင်းများကို စိုက်ပျိုးကြပြီး ယခုနှစ်တွင် မိုးရွာသွန်းမှုများ၍ စိုက်ခင်းများအတွင်း ရေဝင်ရောက်ကာ ပျိုးခင်းများပျက်စီးခြင်းကြောင့် ဧက ၁၀၀၀ ခန့်သာ စိုက်ပျိုးကြောင်း သိရသည်။

ကန်စွန်းဥ(ဥစားကန်စွန်း)သီးနှံကို မြစ်ရေကျချိန် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလနှင့် မတ်လများတွင် တူးဖော်ရကြောင်း၊ ရွှေဝါကန်စွန်းဥမျိုးနှင့် ငချိတ်ကန်စွန်းဥမျိုးများကို အများဆုံးစိုက်ပျိုးကြပြီး ကန်စွန်းဥ(ဥစားကန်စွန်း) တစ်ညွန့်လျှင် ငွေကျပ် ၃၀ နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးပြီး တစ်ဧကလျှင် ကန်စွန်းဥ (ဥစားကန်စွန်း)အညွန့် ၃၅၀၀၀ ခန့် ဝင်ဆံ့စိုက်ပျိုးရကြောင်း၊ ကန်စွန်းဥ (ဥစားကန်စွန်း)များ အချိုလေး၍ အရသာရှိစေရန်အတွက် စိုက်ခင်းများကို ရေသွင်းစိုက်ပျိုးခြင်းမရှိဘဲ မြေအောက်ရေအစိုဓာတ်ဖြင့်သာ စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး သုံးလအကြာတွင် ကန်စွန်းဥ (ဥစားကန်စွန်း)များ တူးဖော်ကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့်ကုန်ကျကြောင်း၊ တစ်ဧကလျှင် ပိဿာချိန် ၂၈၀၀-၃၀၀၀ ခန့်ထွက်ရှိပြီး ဆိပ်ဖြူမြို့နှင့် ချောက်မြို့တို့သို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် သီးနှံအထွက်နှုန်းကောင်းမွန်ပြီး ဈေးနှုန်းကောင်းမွန်သောကြောင့် အကျိုးအမြတ်များ ပိုမိုရရှိကြောင်း ကန်စွန်းဥ (ဥစားကန်စွန်း)စိုက် တောင်သူတစ်ဦးထံမှ သိရသည်။



# မြင်းခြံခရိုင်၌ ပဲစင်းငုံသီးနှံ စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်း ဒေသကြီး မြင်းခြံခရိုင်အတွင်း ပဲစင်းငုံ သီးနှံစိုက်ပျိုးမှုအနေဖြင့် မြင်းခြံမြို့နယ်တွင် ၅၈၉၃ ဧက၊ တောင်သာမြို့နယ်တွင် ၁၈၉၃၁ ဧက၊ နွားထိုးကြီးမြို့နယ်တွင် ၇၉၂၆၁ ဧက စုစုပေါင်း ၁၀၄၀၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ရာ ယခုအချိန်တွင် စိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန စာရင်းများအရ သိရသည်။

ပဲစင်းငုံသီးနှံကို မေလနှင့်ဇွန်လများတွင် စိုက်ပျိုးပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် ရိတ်သိမ်းရကြောင်း၊ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် ပဲစင်းငုံရွှေဒဂုံး မျိုးများကို စိုက်ပျိုးကြကြောင်း၊ မြေပြုပြင်ခြင်း၊ သွင်းအားစု၊ မျိုးစေ့နှင့် လုပ်အားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၃၃၀၀၀၀ ခန့်ကုန်ကျပြီး တစ်ဧကလျှင် ပျမ်းမျှ ၈-၉ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက မြင်းခြံမြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချလျက်ရှိပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်မြို့ ဘုရင့်နောင် ကုန်စည်ဒိုင်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

## ၂၄-၂-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညို့မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၅၀၀၀ | ၁၁၁၆၅ | ၂၅၀၀၀ | ၅၀၀၀ | ၂၃၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၅၀၀၀ | ၉၅၀၀ | ၁၄၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၃၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၁၉၀၀၀ | ၇၈၆၅ | ၁၇၅၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၀၀၀ | | ၇၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | | | ၃၅၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၅၈၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၇၅၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၇၇၄၅ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၁၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၅၄၅၀ | ၂၀၀၀၀ | ၈၂၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၁၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၄၆၀ | ၁၆၅၀၀ | ၃၈၀၀ | ၁၇၅၀၀ | ၁၆၅၀၀ | ၈၅၀၀ | ၆၅၀၀ | ၈၅၀ | ၉၈၀၀ | ၇၅၀၀ | ၁၁၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၄၅၀၀ | ၄၆၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၂၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၁၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၂၀၀ | | ၄၉၅၀ | ၂၁၀၀၀ | ၇၇၀၀ | ၈၀၀၀ | ၃၁၀၀ | ၁၈၀၀၀ | ၁၄၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၃၃၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၃၅၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၁၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၀၄၀ | ၁၈၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၂၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၃၅၀၀ | ၇၀၀ | ၉၅၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၁၀၀ | | ၆၄၀၀ | ၁၆၀၀၀ | ၇၉၀၀ | ၁၃၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၈၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၆၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၈၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀ | ၉၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၈၀၀ | ၇၆၂၀ | ၁၆၄၀၀ | ၃၂၀၀ | ၁၆၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၆၀၀ | ၇၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၇၀၀ | ၅၂၀၀ | ၅၄၀၀ | ၁၇၄၀၀ | ၂၉၀၀၀ | ၂၆၀၀၀ | ၃၀၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၆၂၀ | ၁၇၀၀၀ | ၃၆၀၀ | ၁၆၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၇၀၀ | ၉၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၅၄၀၀ | ၅၄၀၀ | ၁၇၆၀၀ | ၃၀၀၀၀ | ၂၆၅၀၀ | ၃၀၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၄၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

❂ ကျောဖုံးမှ

အဆိုပါ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် နေထိုင်သူ အသက် ၂၆ နှစ်ရှိ အမျိုးသားလူနာနှင့် ဇနီးဖြစ်သူ အသက် ၂၆ နှစ် ကျောက်ကပ်အလှူရှင်တို့အား ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသမှုကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီ ၂၂ မိနစ်တွင် စတင်ဆောင်ရွက်ခဲ့ကာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ဆောင်ရွက်ပြီးစီးသည်။

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင်တို့၏ ခွဲစိတ်ပြီးကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက လိုအပ်သော ပြုစုကုသမှုများကို အနီးကပ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။


အဆိုပါကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို ပါမောက္ခဒေါက်တာကိုကိုနိုင်နှင့် ပါမောက္ခ ဒေါက်တာဝင်းဝင်းလှိုင်တို့ ဦးဆောင်သော ဆီးနှင့် ကျောက်ကပ်ဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာလမင်းဝင်းနှင့် ပါမောက္ခ ဒေါက်တာကျော်စိုးကျော်တို့ ဦးဆောင်သော ဆီးနှင့် ကျောက်ကပ်ခွဲစိတ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာဝင်းဝင်းကျော်နှင့် အထူးကုဆရာဝန်ကြီး ဒေါက်တာသတိုးသိန်းဇံတို့ ဦးဆောင်သော နှလုံးနှင့် သွေးကြောခွဲစိတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာမီမီသော်နှင့် ပါမောက္ခ ဒေါက်တာမူမူနိုင်တို့ ဦးဆောင်သော မေ့ဆေးပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဆေးတက္ကသိုလ်-မန္တလေး ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ မျိုးသက်တင်နှင့် ပါမောက္ခ ဒေါက်တာနီလာဝင်းတို့ ဦးဆောင်သော ရောဂါရှာဖွေရေးနှင့် သွေးနှင့် သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာသန္တာလွင် ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာလုပ်ငန်းအဖွဲ့၊ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးနှင့် ဆေးရုံစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ သူနာပြုများအဖွဲ့၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြုဝန်ထမ်းများ အားလုံးပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းသည် ယမန်နေ့နံနက်ပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးပြည်သူ့ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်သို့ သွားရောက်ကာ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင်တို့အား ကြည့်ရှုအားပေးပြီး အာဟာရပြည့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ခွဲစိတ်ကုသမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပါမောက္ခ/အထူးကုဆရာဝန်ကြီးများအား တွေ့ဆုံနှုတ်ဆက်ဂုဏ်ပြုစကား ပြောကြားသည်။

မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ၂၀၀၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မတ်လ၌ (၈၂)ကြိမ်မြောက်အဖြစ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုအခြေအနေများကြောင့် ယာယီရပ်နားခဲ့ရကာ ယခု (၈၃)ကြိမ်မြောက်အဖြစ် ပြန်လည်စတင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို ပြည်သူ့ဆေးရုံများအနေဖြင့် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)ရန်ကုန်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့၌ လည်းကောင်း၊ တပ်မတော်ဆေးရုံများအနေဖြင့် ရန်ကုန်ရှိအမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)၊ နေပြည်တော်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၊ ပြင်ဦးလွင်ရှိ အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)နှင့် အောင်ပန်းရှိ အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)တို့၌ လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများအနေဖြင့် ရန်ကုန်ရှိ ပန်းလှိုင်ဆေးရုံနှင့် ကန်သာယာဆေးရုံတို့၌ လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




လှိုင်သာယာ weather station record အရ တွေ့ရပုံ။

# ရန်ကုန်မြို့ လှိုင်သာယာ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ယနေ့မွန်းလွဲပိုင်းက တစ်နာရီ ၄ ဒသမ ၂၅ လက်မနှုန်းဖြင့် မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း မိုးလေဝသပညာရှင် ဦးဝင်းနိုင်၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် ဖေဖော်ဝါရီ ၂၄ ရက်အတွက် စုစုပေါင်း မိုးရေချိန် တစ်လက်မအတိရှိခဲ့သည်ကို တပ်ဆင်ပြီး လှိုင်သာယာ weather station record အရ တွေ့ရှိရကြောင်း၊ ကျန် station များတွင် မိုးရွာနှုန်းများသော်လည်း မိုးရေချိန် လက်မဝက်ခန့်သာ အများဆုံးရှိခဲ့ကြောင်းတွေ့ရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ နေပြည်တော်၊ ပဲခူး(အရှေ့/အနောက်)၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးရွာနိုင်သည့် ကြိုတင်ခန့်မှန်းချက်အခြေအနေများကို ပြီးခဲ့သည့်ရက်များက ၎င်းအနေဖြင့် လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် အသိပေးထားပြီးဖြစ်သည်။

ယင်းကြိုတင်ခန့်မှန်းချက်များအရ ဒေသအလိုက် ၄၈ နာရီအတွင်း မိုးရေချိန် ၃၀ မီလီမီတာအထက်ရွာသွန်းနိုင်ကာ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသများအနေဖြင့် သတိထားရမည်ကိုလည်း သိရသည်။

"Target date တွေက ဖေဖော်ဝါရီ ၂၄ ရက်နဲ့ ၂၅ ရက် နှစ်ရက်ဖြစ်တာကြောင့် အဲဒီရက်တွေမှာ Realtime အခြေအနေတွေက ဘယ်လိုဖြစ်လာနိုင်မယ်ဆိုတာကို AWN Weather Station တွေကတစ်ဆင့် Monitor လုပ်နေပါတယ်။ မြန်မာပြည်ထဲက တပ်ဆင်ပြီး Weather Station တွေအပြင် ဗီယက်နမ်ကမ်းခြေကစပြီး ထိုင်းနိုင်ငံမြောက်ပိုင်းက WS တွေရဲ့ အချက်အလက်တွေကိုပါ စောင့်ကြည့်နေပါတယ်"ဟု ဦးဝင်းနိုင်က ပြောသည်။

**ထွဏ်းထွဏ်း**

# MNL ပြိုင်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်း နိုင်ပွဲရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၁) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၂၄ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရခိုင်ယူနိုက်တက်အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရခိုင်ယူနိုက်တက်အသင်းသည် တန်းဆင်းဇုန်မှ လွတ်မြောက်ရေး မျှော်လင့်ချက် အနည်းငယ်အတွက် လက်ကျန်ပွဲများတွင် ရုန်းကန်နေပြီး ယခုပွဲတွင်လည်း ဧရာဝတီယူနိုက်တက်အသင်းကို နောက်ကျပင်နယ်တီဂိုးဖြင့် အနိုင်ရခဲ့သည်။

ဧရာဝတီယူနိုက်တက်အသင်းသည်အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာသလို ရခိုင်ယူနိုက်တက်အသင်းကလည်း နိုင်ငံခြားသား ကစားသမား သုံးဦး အပါအဝင် ပြည်တွင်းအမာခံ ကစားသမားများကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ပထမပိုင်းတွင် ရခိုင်ယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ၁၈ မိနစ်တွင် သက်ထွန်းအောင် သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ဧရာဝတီယူနိုက်တက်အသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး လူစားဝင်ကစားသမား နန်းထိုက်ဇော်က ၄၉ မိနစ်တွင် ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းပြီး ဂိုးပြန်သွင်းခဲ့သည်။



ဧရာဝတီယူနိုက်တက်အသင်းမှ ဖြိုးသန့်ကိုကို၏ ထိုးဖောက်မှုကို ရခိုင်ယူနိုက်တက်ဂိုးသမား ခန့်မင်းသန့် ဖျက်ထုတ်နေစဉ်။

ယင်းနောက်ပိုင်းတွင် ဧရာဝတီအသင်း ဂိုးထပ်ရနိုင်သည့်အခွင့်အရေးများရသော်လည်း တိုင်ထိထွက်ခြင်း၊ လွဲချော်ခြင်းတို့ကြောင့် ဒုတိယဂိုးနှင့် ဝေးခဲ့ရသည်။ ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ရခိုင်ယူနိုက်တက်အသင်း ပင်နယ်တီကန်ခွင့်ရခဲ့ပြီး သက်ထွန်းအောင်က အမှားအယွင်းမရှိကန်သွင်းခဲ့သည်။

ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို သွင်းဂိုး နှစ်ဂိုးသွင်းယူခဲ့သည့် သက်ထွန်းအောင်က အကောင်းဆုံးဆု ရရှိသည်။

ပွဲစဉ်(၂၁)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၅၉ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၄၈ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၄၄ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၃၇ မှတ်၊ မဟာယူနိုက်တက်အသင်းက ၃၂ မှတ်၊ ရတနာပုံအသင်းက ရမှတ် ၃၀၊ အား/ကာ သိပ္ပံအသင်းက ၂၉ မှတ်၊ သစ္စာအားမာန်အသင်းက ၂၃ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၇ မှတ်၊ Dagon Port အသင်းက ၁၆ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၃ မှတ်၊ မြဝတီအသင်းက ရှစ်မှတ် ရရှိထားသည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ-MNL**

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကိုရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူရယူနိုင်သော နေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

❖ မန်စီးတီးအသင်းမှ

လီဗာပူးအသင်းဟာ အခုပွဲစဉ်မှာ မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားဒုတိယနေရာက အာဆင်နယ်အသင်းကို ၁၁ မှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့ပြီး ယခုဘောလုံးရာသီမှာ ပရီမီယာလိဂ်ဖလား ရယူဆွတ်ခူးနိုင်မယ့်အခွင့်အရေးနဲ့လည်း နီးစပ်လာခဲ့ပြီဖြစ်ပါတယ်။

မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ လီဗာပူးအသင်းအတွက် မိုဟာမက် ဆာလာနဲ့ ဇိုဘိုဆလိုင်းတို့ရဲ့ အကောင်းဆုံးခြေစွမ်းပြသ ကစားနိုင်မှုတွေကြောင့်ဖြစ်ပြီး မန်စီးတီးအသင်းအနေနဲ့ အိမ်ကွင်းအီတီဟက်ဒ်မှာ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် ရမှတ် ၄၄ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၄)နေရာမှာ ဆက်လက်ရပ်တည်ခွင့် ရရှိခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

★ မြန်မာနိုင်ငံမှ

ဗဟိုအလုပ်အမှုဆောင် ဦးအောင်ကိုဇော်၊ ရန်ကုန်ဂေါက်ကွင်း အတွင်းရေးမှူး ဦးခင်မောင်တင့်နှင့် အလုပ်အမှုဆောင် ဦးအောင်ဌေးလှိုင်တို့က အလှည့်ကျဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်း စတင်ယှဉ်ပြိုင်သည်။ ယခုပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (အမျိုးသား) ပွဲစဉ်၌ ကစားသမား ၁၄၇ ဦး၊ ဝါသနာရှင်အဆင့် သက်ကြီးတန်း (အသက် ၅၅ နှစ် နှင့်အထက်) ပွဲစဉ်၌ အားကစားသမား ၂၇ ဦး စုစုပေါင်း အားကစားသမား ၁၇၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ယခုပြိုင်ပွဲကို ဂေါက်သီးရိုက် အားကစားသမားများ၏ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ယခုပြိုင်ပွဲကို ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း)၌ ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ လေးရက်ကြာ ပြုလုပ်မည်ဖြစ်သည်။ **ကိုညီလေး**

# ONE Friday Fights 98 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဆွန်ရတ် တွဲဆိုင်းပါဝင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

